# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကဝ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



**နေပြည်တော် မတ် ၂၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်အဖွဲ့ဝင်များ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) (က)အသင်းနှင့်(ဃ) အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးစဉ်။



# ကလေးများ၏အနာဂတ်နှင့် နွေကျောင်းပိတ်ရက်သင်တန်းများ

စာသင်နှစ်တစ်နှစ် ပြီးဆုံးသွားပြီးနောက် ယခုကာလသည် နွေရာသီ ကျောင်းပိတ်ရက်ရှည်ကာလဖြစ်ပြီး ကျောင်းသူ ကျောင်းသားများအဖို့လည်း ရက်သတ္တပတ်အနည်းငယ်မျှ အနားယူပြီးခဲ့ကြပြီဖြစ်သည်။ အတန်းတင်စာမေးပွဲကြီး ပြီးဆုံးစတွင် ကျောင်းသူ ကျောင်းသားများအနေဖြင့် တစ်နှစ်တာလုံး အားထုတ်ကြိုးပမ်းခဲ့သမျှအတွက် လုံလောက်စွာ အနားယူရန် လိုအပ်သော်လည်း နွေကျောင်းပိတ်ရက်တစ်ခုလုံးအနေဖြင့်မူ မိမိတို့အတွက် အကျိုးရှိစွာ အသုံးချနိုင်ကြရန်လည်း လိုအပ်မည်ဖြစ်သည်။

အခြေခံပညာအဆင့်တွင် သင်ယူနေကြသည့် ကျောင်းသူကျောင်းသားများမှာ ကလေးသူငယ်အရွယ်များဖြစ်ကြသည့်အလျောက် ကျောင်းသင်ဘာသာရပ်များမှလွဲ၍ ပြင်ပသင်တန်းများကို ကလေး၏ အသက်အရွယ်နှင့် စိတ်ဝင်စားမှုအပေါ် လိုက်၍ ကလေးများ အကျိုးဖြစ်ထွန်းစေရန် မိဘများက ရွေးချယ်ထားပေးကြရန်လိုသည်။ မူလတန်းအောက်ဆင့်အရွယ် ကလေးငယ်များသည် ယဉ်ကျေးလိမ္မာမှုနှင့် မိခင်ဘာသာစကားမဟုတ်သည့် ပြင်ပဘာသာစကားတစ်ခုခုကို သင်ကြားပေးရန် အကောင်းဆုံးအရွယ်ဖြစ်ကြောင်း ပညာရှင်များက ပြောကြားထားသည်။ ကလေး အသက် ၅ နှစ်မှ ၇ နှစ်ခန့်တွင် ပြင်ပဘာသာစကားတစ်ခု (အင်္ဂလိပ်၊ တရုတ် စသည်ဖြင့်) စတင်သင်ကြားပေးပြီးနောက်ထပ်ဆက်လက် သင်ကြားလေ့ကျင့်ပေးသွားခြင်းဖြင့် ကလေး၏ သင်ယူနိုင်စွမ်း မြင့်မားလာခြင်းနှင့်အတူ သင်လွယ်တတ်လွယ်နိုင်ကြောင်း ကျွမ်းကျင်သူများက အကြံပြုထားကြသည်။

ကျောင်းစတင်နေသည့်အရွယ်တွင် ကလေးသည် မိသားစု၏ ပြင်ပသို့ စတင်ထွက်လာပြီး လူမှုအသိုင်းအဝိုင်းနှင့် စတင်ထိတွေ့လာရသည့် အချိန်ဖြစ်သည့်အပြင် သင်ကြားပေးရန်လည်း အကောင်းဆုံးအရွယ်ဖြစ်သည့်အတွက် ယဉ်ကျေးလိမ္မာ (Etiquette) သင်ခန်းစာများ သင်ကြားပေးသင့်သည့် အရွယ်လည်းဖြစ်သည်။ နေ့စဉ် နာရီပိုင်းမျှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် ဘာသာစကား၊ ယဉ်ကျေးလိမ္မာ အမူအရာများက ကလေးငယ်၏ အနာဂတ်ဘဝအပေါ်တွင် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ရာ နွေကျောင်းပိတ်ရက်ကာလအတွင်း ကလေးများ အကျိုးဖြစ်ထွန်းစေမည့်သင်တန်းများ ဖွင့်လှစ်နိုင်ရန် လိုအပ်သကဲ့သို့ ကလေးမိဘများကလည်း မိမိတို့ရင်သွေးများကို နွေသင်တန်းတစ်ခုခုဆီသို့ မပျက်မကွက်စေလွှတ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအခါ အမြို့မြို့အနယ်နယ်တို့တွင် ကလေးသူငယ်အရွယ်အမျိုးမျိုးတို့အတွက် ပန်းချီသင်တန်း၊ စန္ဒရား၊ ဂစ်တာအတီးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ အင်္ဂလိပ်သဒ္ဒါသင်တန်း၊ တရုတ်စကားပြောသင်တန်း၊ ကာယကြံ့ခိုင်မှုအကသင်တန်း၊ ရေကူးသင်တန်း၊ သိုင်းသင်တန်း၊ ဂျူဒိုသင်တန်း၊ ကရာတေးသင်တန်း၊ အခြေခံဘောလုံးသင်တန်း စသည်ဖြင့် ဖွင့်လှစ်သင်ကြားပေးနေကြကြောင်း တွေ့ရှိရသည်။ အနုပညာသင်တန်းများသည် ကလေးတို့၏စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေပြီး စိတ်ကူးဖန်တီးမှုကို မြင့်မားစေသည်။ ဘာသာစကားသင်တန်းများကလည်း ကလေးများ၏ ဘာသာစကားစွမ်းရည်ကို မြင့်မားစေပြီး မှတ်ဉာဏ်ကိုလည်း အားကောင်းစေသည်။ ကိုယ်လက်ကြံ့ခိုင်မှု အားကစားနှင့် ကိုယ်ခံပညာသင်တန်းများက ကလေးများ၏ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှု၊ ဖွဲ့လုံ့လဝီရိယနှင့် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်တို့ကို ဖြစ်ထွန်းစေသည်။ နည်းပညာခေတ်တွင် ကွန်ပျူတာအခြေခံသည်လည်း လူတိုင်းတတ်မြောက်ထားရမည့် ပညာရပ်ဖြစ်ရာ နွေကျောင်းပိတ်ရက်တွင် သင်ယူလေ့လာခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ကလေးငယ်များအတွက် နွေကျောင်းပိတ်ရက်သင်တန်းများက တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းစေသည်သာဖြစ်ပြီး မကောင်းသည့် အကျင့်စရိုက်များနှင့် မကောင်းသည့်ဆွဲဆောင်ရာများနှင့်လည်း ကင်းဝေးစေသည်။ ကျောင်းသူ ကျောင်းသား ကလေးငယ်များ၏ အနာဂတ်လှပရေးသည် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ် မြင့်မားရေးနှင့်လည်း တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ရာ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ကြရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION

သတင်းထုတ်ပြန်ချက်

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၂၃ အရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေစတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ ကျင့်သုံးရမည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများနှင့် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသည့် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၃)၊ (၂၃၆/၂၀၂၃)၊ (၂၃၇/၂၀၂၃)၊ (၂၃၈/၂၀၂၃) နှင့် (၂၃၉/၂၀၂၃) တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၁။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၅/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဂ) နှင့် (င) တို့အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ အရ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ၊

( ခ ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၂ အရ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် လျှောက်ထားမှုများ။

၂။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၆/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဂ) အရ အောက်ဖော်ပြပါ တရားရုံးများအားယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

( ခ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

( ဂ ) ခရိုင်တရားရုံးများ

၃။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၇/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဃ) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၈/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဂ) အရ ကျောက်တံတားခရိုင်တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမမူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

( ခ ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၇ (က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ **အမိန့်ကြော်ငြာစာအမှတ် (၂၃၉/၂၀၂၃)** - ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၇ (ဃ) အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းအား KNDF/ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး / လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော်သုံးပါး အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့မှု"** ခေါင်းစဉ်ဖြင့် မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KKO(ခွဲထွက်) အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးဇုန်အား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ - ၈၉၉၀ ၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ
ဘောလုံးပြိုင်ပွဲဝင် အားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဖွင့်ပွဲစဉ်အဖြစ် အုပ်စု(၃)ပွဲစဉ်များဖြစ်သည့် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) (က) အသင်းနှင့် (ဃ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**အကြိတ်အနယ်ယှဉ်ပြိုင်ကစား**

ပြိုင်ပွဲပထမပိုင်း၌ နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) (က)အသင်းက ပွဲကစားချိန် ၃၇မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းပြီးဆုံးခဲ့သည်။ ဆက်လက်၍ ဒုတိယပိုင်း အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် မိနစ် ၅၀ ၇ စက္ကန့်တွင် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က) အသင်းက ဒုတိယမြောက် ဂိုး၊ ပွဲကစားချိန် ၆၄ မိနစ်တွင် တတိယမြောက်ဂိုး ထပ်မံသွင်းယူခဲ့ရာ စုစုပေါင်း သွင်းဂိုးသုံးဂိုးဖြင့် နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်)(က)အသင်းက (ဃ)အသင်းကို အနိုင်ရရှိခဲ့သည်။

နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို အုပ်စု (၄) စုခွဲ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အုပ်စု(၁) ကွန်ပျူတာတက္ကသိုလ်(အထက်မြန်မာပြည်) အသင်း(က)တွင် မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ၊ ဗန်းမော်)၊ အသင်း(ခ) တွင် ကွန်ပျူတာတက္ကသိုလ် (မန္တလေး၊ လားရှိုး၊ တောင်ကြီး)၊ အသင်း(ဂ) တွင် ကွန်ပျူတာတက္ကသိုလ် (မကွေး၊ မိတ္ထီလာ) တို့မှ အားကစားသမားများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ပါဝင်သည်။

**ယှဉ်ပြိုင်ကြမည်**

အုပ်စု(၂)ကွန်ပျူတာတက္ကသိုလ်(အောက်မြန်မာပြည်)အသင်း(က)တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ ကွန်ပျူ တာတက္ကသိုလ် (စစ်တွေ၊ မြိတ်)၊ အသင်း(ခ) တွင် ကွန်ပျူတာတက္ကသိုလ်( ပုသိမ်၊ မအူပင်၊ ဟင်္သာတ၊ သထုံ)၊ အသင်း(ဂ) တွင် ကွန်ပျူတာတက္ကသိုလ် (တောင်ငူ၊ ပြည်၊ ဘားအံ၊ လွိုင်ကော်)တို့မှ အားကစားသမားများပါဝင်ကြောင်း၊ အုပ်စု(၃) နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) အသင်း(က) တွင် မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ် (မြစ်ကြီးနား၊ ဗန်းမော်၊ မကွေး၊ ပခုက္ကူ)၊ အသင်း(ခ) တွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်၊ တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ)၊ အသင်း(ဂ) တွင် နည်းပညာတက္ကသိုလ် (မန္တလေး၊ ရတနာပုံဆိုက်ဘာစီးတီး၊ ကလေး၊မုံရွာ၊စစ်ကိုင်း)၊ အသင်း(ဃ) တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နေပြည်တော်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ၊ ရမည်းသင်း)တို့မှ အားကစားသမားများ ပါဝင်ကြောင်း၊ အုပ်စု(၄) နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) အသင်း(က)တွင် ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မှော်ဘီ၊ တောင်ငူ) ၊ အသင်း(ခ)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (စစ်တွေ၊ ပုသိမ်၊ ဟင်္သာတ)၊ အသင်း (ဂ) တွင် နည်းပညာတက္ကသိုလ်( သန်လျင်၊ မော်လမြိုင်၊ ဘားအံ)၊ အသင်း(ဃ)တွင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မအူပင်၊ ထားဝယ်၊ မြိတ်) တို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အုပ်စုပတ်လည်ပြိုင်ပွဲအား ဧပြီ ၃ ရက်အထိ လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်အား ဧပြီ ၅ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အား ဧပြီ ၇ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၆) နှစ်မြောက် ရုံးနှစ်ပတ်လည်နေ့အထိမ်းအမှတ် အကြိုစာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ (၈၆) နှစ်မြောက် ရုံးနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အကြိုစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦးက ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲသည် ရုံးနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အကြိုစာတမ်းဖတ်ပွဲဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲ၏အနှစ်သာရသည် အသိပညာ မျှဝေမှုပင်ဖြစ်ပါကြောင်း၊ အသိဉာဏ်ပညာ ပြည့်ဝမှုသည် မိမိ၏ လုပ်ဆောင်နိုင်စွမ်းအားကို မြှင့်တင်ပေးနိုင်သဖြင့် ရာထူးအဆင့်လိုက် လုပ်ငန်းခွင်စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ယခု စာတမ်းဖတ်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် စာရင်းစံများ အသုံးပြုစစ်ဆေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ စာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစစ်ဆေးခြင်း၊ လှည့်ပတ်ရန်ပုံငွေစစ်ဆေးခြင်း၊ နည်းပညာဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုများစသည့် ကဏ္ဍပေါင်းစုံမှ စာတမ်းများကို ဖတ်ကြားသွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဖတ်ကြားမည့်စာတမ်းများမှ ရရှိမည့် အတွေ့အကြုံ၊ ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် စွမ်းရည်ပြည့် ပြန်လည်အသုံးပြုနိုင်ရန်၊ စာတမ်းဖတ်ပွဲ၏ ရည်ရွယ်ချက်များ ပြည့်ဝစေရန်အတွက် စိတ်ပါဝင်စားစွာဖြင့် တန်ဖိုးထားလေ့လာမှတ်သားကြပြီး ဌာနမှ အားကိုးအားထား ပြုနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရုံးချုပ်မှ စာတမ်းသုံးစောင်၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများမှ စာတမ်းခြောက်စောင်နှင့် နေပြည်တော် စာရင်းစစ်ရုံးမှ စာတမ်းတစ်စောင်၊ စုစုပေါင်း စာတမ်း ၁၀ စောင်ကို စာတမ်းရှင်များက အသီးသီး ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေး၍ ပထမနေ့ စာတမ်းဖတ်ပွဲကို ရုပ်သိမ်းခဲ့သည်။

အကြိုစာတမ်းဖတ်ပွဲ ဒုတိယနေ့ကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ရုံးချုပ်မှ စာတမ်းရှင် နှစ်ဦး၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ စာတမ်းရှင် ရှစ်ဦး စုစုပေါင်း စာတမ်းရှင် ၁၀ ဦးတို့က သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဖတ်ကြားသွားမည်ဖြစ်ပြီး အကောင်းဆုံး စာတမ်းရှင် သုံးဦးကို ရွေးချယ်၍ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအနေဖြင့်လည်း အထူးစာတမ်း တစ်စောင်ဖတ်ကြား တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက နဝရတ်ခန်းမမှ လည်းကောင်း၊ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများက အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ချယ်ရီခန်းမ၊ ခတ္တာခန်းမနှင့် ခွာညိုခန်းမတို့မှ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ ဒေသစာရင်းစစ်ရုံး ၂၀၈ ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းဝင်များက အွန်လိုင်းမှလည်းကောင်း တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်တော်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရှင်းလင်းဆွေးနွေး

**ကျောက်တော် မတ် ၂၈**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းရှင်းလင်းခြင်းနှင့် ဆွေးနွေးခြင်းအခမ်းအနားကို ယမန်နေ့နံနက်က သဝင်ကိုင်းကျေးရွာ စာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကျောက်တော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်သန့်အောင်က စီမံကိန်း ရှင်းလင်းဆွေးနွေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ကျောက်တော်မြို့နယ်ရှိ ကျေးရွာသုံးရွာအား တစ်ရွာလျှင် စိုက်ပျိုးရေးမြစိမ်းရောင်စီမံကိန်းချေးငွေကျပ်သိန်း ၆၀၀ ဖြစ်ပြီး ကျေးရွာသုံးရွာအတွက် ချေးငွေကျပ်သိန်းပေါင်း ၁၈၀၀ ကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်ငူတပ်နယ်ဆေးရုံတက်လူနာများအား ထောက်ပံ့၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ငူ မတ် ၂၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၂၈ ရက် နံနက်က တောင်ငူ တပ်နယ် ဆေးရုံတက်လူနာများအား သွားရောက် ထောက်ပံ့ပြီး ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုး ဆွေဝင်းသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထိန်ဝင်းနှင့်အတူ တောင်ငူမြို့နယ် အမှတ်(၃)စစ်မြေပြင်ဆေးတပ်ရင်း၊ စစ်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက် လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြား ပြီး ထောက်ပံ့ငွေနှင့် အစားအစာများပေးအပ် သည်။(ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် ရှေးဟောင်းကျုံး ဘေး အပန်းဖြေပန်းခြံ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး အလှပန်းပင်များအား ခေတ်မီ Landscaping Design ဖြင့် ပုံဖော်ဆောင်ရွက်ရန်၊ ကျုံးအတွင်း သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက် ရန်နှင့် ဗေဒါပင်မှ လူသုံးကုန်ပစ္စည်းထုတ်လုပ်နိုင် ရေး သင်တန်းဖွင့်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ၁၈၀ ဒသမ ၆၉၇ သန်း အကုန်အကျခံကာ ဆိုလာရေတင်စနစ်ဖြင့် ကုန်းမြင့်လယ်မြေ ဧက ၁၅၀ နွေစပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်လေးပင် – ပြွန်တန်ဆာ(မြို့ရှောင် လမ်း) ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဧရိယာအတွင်း ကျူးကျော်မှုမရှိစေရေးနှင့် လမ်းဘေးရေမြောင်းများ တစ်ပါတည်းထည့်သွင်း ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ညောင်လေးပင်ခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်တောင်သူများက အရင်း ကျေပဲတီစိမ်း ပြန်လည်ပေးဆပ်နေမှုအား ကြည့်ရှု အားပေးခဲ့သည်။ ညောင်လေးပင်ခရိုင်အတွင်း နိုင်ငံ့ စီးပွားမြှင့်တင်ရေး ပဲတီစိမ်းစိုက်ဧက ၆၈၀၀၀ ရှိ ပြီး ယခုအချိန်ထိ ၆၀ ရာခိုင်နှုန်းကျော် ပြန်လည် ပေးသွင်းလျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ညောင်လေးပင်မြို့တွင်း ရေစီးရေလာကောင်း မွန်စေရေး ရွာသစ်ချောင်း ပြန်လည်တူးဖော်နေမှု အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ဒိုက်ဦးမြို့နယ် အောင်စိုးမိုးကျေးရွာ Gasifire စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် ဆန်စက်နှင့် ဆီစက်လည်ပတ်ဆောင်ရွက်နေမှု



အား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဝေါမြို့နယ် ဆပ်သွားခြံတာဆုံ ရှိ Cargo X– Ray စစ်ဆေးရေးဂိတ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး တရားမဝင်ကုန်ပစ္စည်းများနှင့် မူးယစ်ဆေးဝါး သယ်ဆောင်မှုမရှိစေရေး၊ ယာဉ်ကြော ပိတ်ဆို့မှုမရှိစေရေးနှင့် လုံခြုံရေးအသိ လုံခြုံရေး သတိဖြင့်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး တာဝန်ကျ တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ သည်။ ၎င်းနောက် ဝေါမြို့နယ် ကျိုက်လှကျေးရွာ ရှိ တစ်နှစ်သုံးသီးစိုက် ရက် ၉၀ စပါး မျိုးသန့် မျိုးပွား စံပြစိုက်ခင်းသို့ သွားရောက်ပြီး ဒေသနှင့် ကိုက်ညီသော သက်တမ်းတိုပြီး အထွက်နှုန်းကောင်း သည့် စပါးမျိုးများ မြို့နယ်အလိုက် တိုးချဲ့၍ တောင်သူ အစုအဖွဲ့စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရ သည်။

**တင်စိုး(ပဲခူး)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ သဘာဝနည်းဖြင့် ရွှေဝါငါးကြင်းသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုနယ်မြေနေပြည်တော် တိုင်း ငါးလုပ်ငန်း ဦးစီးဌာနမှ ကြီးကြပ်၍ ရေဆင်းငါးလုပ်ငန်း စခန်းတွင် သဘာဝနည်းဖြင့် ရွှေဝါငါးကြင်း သားဖောက်ခြင်း နည်းပညာပေးသင်တန်းကို မတ် ၂၄ ရက် နံနက် ၉ နာရီက ရေဆင်း ငါးလုပ်ငန်းစခန်း သင်တန်းခန်းမ ၌ ဖွင့်လှစ်သည်။



**သုတေသနပြု ဆောင်ရွက်**

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဝေလင်းမောင်က အမှာစကား ပြောကြားရာတွင် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP)စနစ် ဖြင့် ငါးမွေးမြူခြင်းဖြင့် အစား အသောက်ဘေးအန္တရာယ်ဆိုးကျိုး များကို ကာကွယ်ပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မွေးမြူ သည့် ကန်ဧက ငါးသိန်းခန့် ရှိ ကြောင်း၊ ရေချိုငါးမွေးမြူခြင်းအား GAqP စနစ်ဖြင့် မွေးမြူပြီး ပြည်ပ သို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ ယနေ့ သင်တန်းသို့ တက်ရောက် သူများမှတစ်ဆင့် သင်တန်း မတက်ရောက်နိုင် သူများအား ရှင်းလင်းပြောကြားစေလိုကြောင်း၊ GAqP စနစ်မှ မိမိငါးမွေးမြူမှုတွင် လုပ်ဆောင်နိုင်သည့် အဆင့်များ ကို ဆောင်ရွက်စေလိုကြောင်း၊ သွင်းအားစုများမှာ ဈေးနှုန်း ကြီးမြင့်မှုရှိသဖြင့် ငါးမွေးမြူသူ များ အရှုံးမရှိစေဘဲ အမြတ်ရရှိ အောင် ဆောင်ရွက်ရန် လိုအပ် ကြောင်း၊ နေပြည်တော်တွင် ရေဆင်းငါးလုပ်ငန်းစခန်း၌ GAqP မွေးမြူမှု နမူနာပုံစံအား လေ့လာ ကြည့်ရှုဆောင်ရွက်ကြစေ လို ကြောင်း၊ စားဝတ်နေရေးတွင် စားရေး၌ မရှိမဖြစ် လိုအပ် သော ဆန်၊ အသား၊ ငါး၊ ဟင်းသီး ဟင်းရွက်၊ ကြက်ဥ ဘဲဥများကို တိုးချဲ့ ဆောင်ရွက်နေကြောင်း၊ ငါးမွေးမြူသူများ အနေဖြင့် နေပြည်တော်တွင် ဝယ်လိုအား များ ရှိနေပါသဖြင့် ဈေးကွက် ရှာဖွေရန် မလိုအပ်ကြောင်း၊ ဆည် များတွင် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်းအား သုတေသနပြု ဆောင်ရွက်လျက် ရှိကြောင်း၊ ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ကူညီ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအား ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ နေပြည်တော် တိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်ညိုညိုအေး၊ ဒုတိယတိုင်း ဦးစီးမှူးခရိုင် တာဝန်ခံများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးများ၊ ရေဆင်းငါးလုပ်ငန်း စခန်းတာဝန်ခံ နှင့် ဝန်ထမ်းများ၊ သင်တန်းသူ သင်တန်းသား စုစုပေါင်း ၂၇ ဦး တက်ရောက်သည်။

ဆက်လက်ပြီး ညွှန်ကြားရေး မှူးချုပ်မှ သင်တန်းတက်ရောက် လာကြသူများအား ငါးမွေးမြူ ခြင်းနှင့်ပတ်သက်၍ တစ်ဦးချင်း လိုက်လံမေးမြန်းဆွေးနွေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်မှ ရေဆင်းငါးလုပ်ငန်းစခန်းအတွင်း တိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ထားမှု များအား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြား သည်။ အဆိုပါ သင်တန်းသို့ ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာ မှ ၁၀ ဦး၊ လယ်ဝေးမြို့နယ် ဆီဆုံကုန်းကျေးရွာမှ သုံးဦးနှင့် သစ်ခေါက်ခွကျေးရွာမှ နှစ်ဦး၊ ဒက္ခိဏမြို့နယ်မှ နှစ်ဦး စုစုပေါင်း ၁၇ ဦး တက်ရောက်ပြီး သဘာဝ နည်းဖြင့် ရွှေဝါငါးကြင်းသားဖောက် ခြင်းနှင့် ထိုင်းငါးခုံးမကြီးအား ဟော်မုန်းဆေးထိုး သားဖောက် ခြင်းတို့အား စာတွေ့လက်တွေ့ဖြင့် သင်တန်းကာလ နှစ်ရက်ကြာ ပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့နယ်၌ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

**ပေါင်းတည် မတ် ၂၈**

ပေါင်းတည်မြို့နယ်၌ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ် စွမ်းရည်မြှင့်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက အခြေခံ ပညာ အထက်တန်းကျောင်း ပေါင်းတည်မြို့ပညာရတနာခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့် လှိုင်က ဆရာ ဆရာမများအနေဖြင့် သင်ကြားမှုစွမ်းရည်တိုးတက် မြင့်မားလာစေရန် စာကောင်းပေမွန်များ ဖတ်ရှုကြစေလိုကြောင်း၊ ကောင်းမွန်သော စိတ်ဓာတ်များမွေးမြူ၍ စိတ်စေတနာအပြည့်အဝ ထား၍ မျိုးဆက်သစ်ကျောင်းသားလူငယ်များကို အားစိုက်၍ သင်ကြား ပေးစေလိုကြောင်း၊ ဆွေးနွေးပွဲများပြုလုပ်ရာ၌ ပညာသင်ကြားလုပ်ငန်း ပြည့်စုံအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးကို ဆွေးနွေးညှိနှိုင်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်နော်ဆဲပွယ်ဖောက သင်တန်း သား ဆရာ ဆရာမများ၊ ပို့ချဆွေးနွေးမည့် ဆရာကြီး ဆရာမကြီးများ အနေဖြင့်သင်ကြားမှု နည်းစနစ်သစ်များ၊ တစ်နှစ်ထက်တစ်နှစ် ပညာ ရေးတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်မှ ရည်မှန်းထားရှိမှုနှင့် အညီ အလေးထား အားစိုက်ဆွေးနွေးကြရန်၊ သင်ကြားရေးလုပ်ငန်း ပိုမိုအောင်မြင်ရန်၊ ကျောင်းသား ကျောင်းသူလေးများ ပိုမိုလွယ်ကူ နားလည်နိုင်စေရန် စိတ်စေတနာအပြည့်အဝထား၍ ပူးပေါင်းညှိနှိုင်း ဆွေးနွေးကြရန် ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ



၇၆၀ တက်ရောက်ကာ နည်းပြဆရာ ဆရာမ ၂၆ ဦးက ဦးဆောင်ဆွေးနွေး ကြမည်ဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲကို မတ် ၂၈ ရက်မှ ၃၁ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သူရကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ(၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ




**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သော လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**အချိန်မီတားဆီးဆောင်ရွက်**

အစည်းအဝေးတွင် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ် စီမံကိန်း(၂၀၂၂-၂၀၂၆)၏ ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များနှင့် လုပ်ငန်း ဆောင်ရွက်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို အကြံပြုဆွေးနွေးပေးရန် ရည်ရွယ်၍ ကျင်းပရခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံသားများ အနေဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် ဒေသတွင်းနိုင်ငံများနှင့် အခြားပြည်ပနိုင်ငံများကို ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်မှုများ များပြားနေသောကြောင့် နယ်စပ်ဒေသများတွင် တားဆီး ပညာပေးပြီး နေရပ်ပြန်လွှတ်နေရသည့် ဖြစ်စဉ်များတွင် ရွှေ့ပြောင်းသွားရောက်ကြသူများသည် မြန်မာနိုင်ငံအတွင်းပိုင်း ဒေသအသီးသီးမှ လာရောက်ကြသူများ ဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ချင်း ဆက်စပ်နေသော စစ်ဆေးရေးဂိတ်များ၌ ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်နိုင်မှသာ တရားမဝင်သွားရောက်ခြင်း၊ လူမှောင်ခိုကူးခြင်းနှင့် လူကုန်ကူးခြင်းတို့ကို နယ်စပ်မရောက်မီ မိမိနိုင်ငံအတွင်းမှာပင် အချိန်မီ တားဆီး ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

**နယ်စပ်မြို့များသို့ ရောက်ရှိလာ**

နိုင်ငံခြားသားများအနေဖြင့် ကွန်ပျူတာ၊ နည်းပညာနှင့် ဆက်စပ်သည့် အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် လစာကောင်းသည့် အလုပ်ရမည်ဟု ပြောဆိုစည်းရုံး၍ လိမ်လည်ခေါ်ဆောင်မှုများကြောင့် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံ နယ်စပ်မြို့များသို့ ရောက်ရှိလာကြခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ တရားဝင် ဝင်/ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်ကြသူများ မဟုတ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်**

မြန်မာနိုင်ငံတွင် အခက်အခဲဒုက္ခကြုံတွေ့နေရသော နိုင်ငံခြားသားများအား သက်ဆိုင်ရာ သံရုံးများနှင့် NCB လမ်းကြောင်းမှတစ်ဆင့် အကူအညီတောင်းခံမှုများ ရှိခဲ့ကြောင်း၊ နိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိပြီး ဒုက္ခရောက်နေသော နိုင်ငံခြားသားများကို ရှာဖွေကယ်တင်နိုင်ခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီးကို ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ၏ ရလဒ်ပင်ဖြစ်ပါကြောင်း။

**တိုးမြှင့်ဆောင်ရွက်**

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်သတင်းပေး ကူညီမှုများသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်လာစေရန်အတွက် ထိတွေ့ဆက်ဆံနေရသည့် ဌာနဆိုင်ရာများအနေဖြင့် အသိပညာပေးမှုများ၊ စည်းရုံးဆွေးနွေးမှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်တွင် ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြု ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးက ခြုံငုံ သုံးသပ်ဆွေးနွေးကြကာ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအား ရလဒ်တစ်ခု ထွက်ပေါ်လာသည်အထိ ဆောင်ရွက်ပေးစေလိုကြောင်းနှင့်လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးစစ်ဆေး

**နေပြည်တော် မတ် ၂၈**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံရှိ ဟင်းသီးဟင်းရွက်များနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မြေအစားထိုး ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ DYL ဝက်နှင့် ဥစားဘဲမွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကော့ကရိတ်မြို့၌ အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်မြှင့်သင်တန်းဖွင့်

**ကော့ကရိတ် မတ် ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် Grade-5 (အင်္ဂလိပ်စာ) ဘာသာရပ် စွမ်းရည်မြှင့် မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အထက (တောင်ပေါ်ရပ်) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက ပညာရေးကဏ္ဍ တိုးတက်လာသည့်အပေါ် ဆရာ၊ မိဘ၊ ကျောင်းသားများ ပူးပေါင်းပါဝင်အောင် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အင်္ဂလိပ်စာ ဘာသာရပ်သည် အဓိက အသုံးဝင်သည့်ဘာသာရပ်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ ယခုလိုသင်တန်းသို့ တက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုညိုမေက တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်နှင့်အညီ အခြေခံပညာမူလတန်းပညာရပ်သည် အဓိကကျကြောင်း၊ ဆရာ ဆရာမများအနေဖြင့် Grade-5 (အင်္ဂလိပ်စာ) ဘာသာရပ် စွမ်းရည်မြှင့်မားစေရန် နည်းစနစ်တကျ သင်ကြားသင်ယူကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းပြ ဆရာ ဆရာမ ၄၁၈ ဦး တက်ရောက်ကြကာ သင်တန်းနည်းပြ ဆရာ ဆရာမ ၂၇ ဦးတို့က မတ် ၃၁ရက်အထိ လေးရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ခင်မျိုးဝင်း**



## ဘူးသီးတောင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ဘူးသီးတောင် မတ် ၂၈**

ဘူးသီးတောင်မြို့နယ်၌ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် သမဝါယမကဏ္ဍတို့တွင် ထုတ်ကုန်များ တိုးချဲ့ဆောင်ရွက်နိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။ (ဝဲပုံ)

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလှိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းဆွေးနွေးကာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ငါးကဏ္ဍ ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ(ငါးကဏ္ဍ) လွှဲပြောင်း ငွေကျပ်သိန်း ၆၀၀ကို မြို့နယ် စီမံအုပ်ချုပ်ရေးချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူခဲ့ကြသည်။

**လှကျော်( ပြန်/ဆက်)**

# နိုင်ငံရေးပါတီများတည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅ / ၂၀၂၃ )**
**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်**
**( ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက် )**

## နိုင်ငံရေးပါတီများတည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/ ၂၀၂၃) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ တည်ဆဲနိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ အကျုံးဝင်သည့် တည်ဆဲနိုင်ငံရေး ပါတီ ၉၀ ပါတီအနက် သတ်မှတ်ကာလ ရက်ပေါင်း ၆၀ ပြည့်မြောက်သည့် ၂၈ – ၃ – ၂၀၂၃ ရက်နေ့ အထိ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ကို အောက်ဖော်ပြပါ ပါတီ ၅၀ ပါတီက လျှောက်ထားခဲ့သည် –

| စဉ် | ပါတီအမည် |
|---|---|
| (က) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ခ ) | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) |
| ( ဂ ) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (ဃ) | ဒီမိုကရေစီပါတီသစ်(ကချင်) [ New Democracy Party (Kachin) ] [ N.D.P (Kachin) ] |
| ( င ) | ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ |
| ( စ ) | အမျိုးသားဒီမိုကရေစီပါတီသစ် ( NEW NATIONAL DEMOCRACY PARTY ) |
| (ဆ) | ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ |
| ( ဇ ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (ဈ) | ရခိုင်ဦးဆောင်ပါတီ [ Arakan Front Party (AFP) ] |
| (ည) | ပြည်သူ့အင်အားပါတီ |
| ( ဋ ) | ကချင်ပြည်နယ်ပြည်သူ့ပါတီ [ Kachin State People's Party (KSPP) ] |
| ( ဌ ) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) [ LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] |
| ( ဍ ) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [ TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P) ] |
| ( ဎ ) | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party (S.S.P)] |
| (ဏ) | လူထုပါတီ (The Party for People) |
| (တ) | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (ထ) | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party) |
| ( ဒ ) | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ |
| ( ဓ ) | ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) |
| ( န ) | မွန်ညီညွတ်ရေးပါတီ (Mon Unity Party) |
| ( ပ ) | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party) |
| ( ဖ ) | ပြည်သူ့အလုပ်သမားပါတီ |
| ( ဗ ) | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (ဘ) | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)] |
| ( မ ) | ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)] |
| (ယ) | ရခိုင်အမျိုးသားပါတီ (Arakan National Party) |
| ( ရ ) | လူ့ဘောင်သစ်ပါတီ (NSP) |
| (လ) | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ |
| ( ဝ ) | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) |
| (သ) | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ (KKDUP) |
| (ဟ) | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)] |
| ( ဠ ) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) |
| (အ) | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ |
| (ကက) | နာဂအမျိုးသားပါတီ [Naga National Party (NNP)] |
| ( ခ ခ ) | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS(UNION OF MYANMAR)PARTY] |
| ( ဂ ဂ ) | 'ဝ'အမျိုးသားပါတီ (WA NATIONAL PARTY) |
| (ဃဃ) | ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP) |
| ( င င ) | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY) |
| ( စ စ ) | ပြည်သူ့ပါတီ (People's Party) |
| (ဆဆ) | မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ |
| ( ဇ ဇ ) | အမျိုးသမီးပါတီ(မွန်) |
| ( ဈ ဈ ) | မြို့တိုင်းရင်းသားပါတီ |
| (ညည) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party) |
| ( ဋ ဋ ) | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) |
| ( ဌ ဌ ) | ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) |
| ( ဍ ဍ ) | ကရင်ပြည်သူ့ပါတီ (KPP) |
| ( ဎ ဎ ) | ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party) |
| (ဏဏ) | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY) |
| (တတ) | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ |
| (ထထ) | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ |

၃။ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိသည့် အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၄၀ ပါတီတို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သဖြင့် ယင်းပါတီများကို ၂၉ – ၃ –၂၀၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်–

| စဉ် | ပါတီအမည် |
|---|---|
| (က) | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ( ခ ) | ဒီမိုကရက်တစ်ပါတီ (မြန်မာ) |
| ( ဂ ) | ကယန်းအမျိုးသားပါတီ |
| (ဃ) | တအာင်း(ပလောင်)အမျိုးသားပါတီ |
| ( င ) | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ |
| ( စ ) | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| (ဆ) | ဝံသာနုဒီမိုကရက်တစ်ပါတီ |
| ( ဇ ) | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (National Democratic Party for Development) |
| ( ဈ ) | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ [Ethnic National Development Party (ENDP)] |
| (ည) | ကမန်အမျိုးသားတိုးတက်ရေးပါတီ |
| ( ဋ ) | ဗမာပြည်သူ့ပါတီ (Bamar People's Party) |
| ( ဌ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ( ဍ ) | မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| ( ဎ ) | မြန်မာအမျိုးသားကွန်ဂရက် ( Myanmar National Congress ) ပါတီ |
| (ဏ) | အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party) |
| (တ) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် |
| (ထ) | အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ |
| ( ဒ ) | အမျိုးသားတိုးတက်မြင့်မားရေးပါတီ (National Prosperity Party) |
| ( ဓ ) | ထားဝယ်တိုင်းရင်းသားများပါတီ |
| ( န ) | ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) |
| ( ပ ) | ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ.အ.မ.ဖ) ပါတီ |
| ( ဖ ) | ခူမီး(ခမီး)အမျိုးသားပါတီ [KHUMI (KHAMI) NATIONAL PARTY] |
| ( ဗ ) | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| (ဘ) | ကရင်အမျိုးသားပါတီ |
| ( မ ) | မြိုအမျိုးသားဒီမိုကရေစီပါတီ |
| (ယ) | လမ်းပြကြယ်ပါတီ |
| ( ရ ) | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ |
| (လ) | လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ဝ ) | ခေတ်သစ်ပြည်ထောင်စုပါတီ |
| (သ) | ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ |
| (ဟ) | အမျိုးသားတိုးတက်ရေးပါတီ |
| ( ဠ ) | ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ |
| (အ) | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (ကက) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ ( Kayah State Democratic Party ) |
| ( ခ ခ ) | အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်ယူဒီပီ) [National United Democratic Party (N.U.D.P)] |

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

(ဂဂ) အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ
[The Yeomanry Development Party (YDP)]
(ဃဃ) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
(Chin National League For Democracy Party)
(ငင) ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)]
(စစ) ကချင်အမျိုးသားပါတီ (Kachin National Party)
(ဆဆ) မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ
[Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)]

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့် ပါတီ ၁၃ ပါတီမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | ပါတီအမည် |
|---|---|
| (က) | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ |
| (ခ) | ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democracy Party) |
| (ဂ) | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ |
| (ဃ) | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| (င) | ဝံသာနုပါတီ |
| (စ) | ဒီမိုကရက်တစ်ပါတီ |
| (ဆ) | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ |
| (ဇ) | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ |
| (ဈ) | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ |
| (ည) | ဒီမိုကရေစီပါတီ |
| (ဋ) | ခူမီးအမျိုးသားပါတီ |
| (ဌ) | ချင်းပြည်သူ့ပါတီ |
| (ဍ) | ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ |

၅။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများသည် ပါတီတည်ထောင်ခွင့်အား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံရေးပါတီများတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များလျှောက်ထား

**နေပြည်တော် မတ် ၂၈**

ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၁၃ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ ရှိပြီဖြစ်သည်။ ထိုသို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားပြီးသည့် ပါတီများတွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ၁၂ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၅၁ ပါတီ ဖြစ်ပြီး အဆိုပါပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) အရ တည်ရှိနေသောပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅/ ၂၀၂၃) ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားရမည့် သတ်မှတ်ကာလမှာ ယနေ့တွင် ကုန်ဆုံးသွားပြီဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီတို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၅/၂၀၂၃) ဖြင့် ယင်းပါတီများကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ပါတီများအား ဖျက်သိမ်းပြီး ဖြစ်သည်။

နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူများနှင့် မှတ်ပုံတင်လိုသူများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထား ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၃ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ သတ္တမနေ့အဖြစ် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ ပထမနေ့ အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာရင်းသွင်း ၂၃၁၁ ပါး/ဦး အနက် ၁၄၂၉ ပါး/ဦး ဖြေဆိုကြသဖြင့် ၆၁ ဒသမ ၈၃ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၅၇၃၆၃ ပါး/ဦးအနက် ၄၆၀၆၀ ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၃၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး) ကွပ်ကဲမှုအောက်ရှိ လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် ဝန်ထမ်းများက မိုင်းကိုင်မြို့နယ် အမှတ် (၄) ရပ်ကွက် မဇ္ဈိမရာမစာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား နှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးမြို့တွင် နှစ်ဆန်း ၁ ရက်နေ့၌ သံဃာ ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး မတ် ၂၈**



မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့၌ သံဃာ ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းတွင် ပင့်သံဃာ ၁၀၈ ပါးတို့ကို အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ သံဃာတော်များမှ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခြင်း၊ ကျုံးရေပြင်အတွင်း ဇီဝိတဒါနငါးလွှတ်ခြင်း၊ အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင် အတွင်းတို့မှ အသက် (၉၀) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းများကို ကျင်းပသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအလိုက်လုပ်ငန်းတာဝန်များအပေါ် စေတနာ အပြည့်ထားပြီး လစ်ဟာမှုမရှိစေရေး အလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အခက်အခဲများမဖြစ်ပေါ်စေရေး ဌာနအချင်းချင်း ချိတ်ဆက်ကာ စနစ်တကျဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးကော်မတီမှ လုပ်ငန်းကော်မတီအလိုက် တင်ပြချက်များနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်**

**နေပြည်တော် မတ် ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပပြုလုပ်




**နေပြည်တော် မတ် ၂၈**

(၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများက တက်ရောက်မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲများတွင် ပထမဆုရရှိကြသည့် အရာရှိ၊ စစ်သည်များနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တပ်မတော်နေ့ အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး ဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင်(၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၂၈**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၈) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘောဂသီရိ အဝေးပြေး ကားကွင်းအနီးရှိ မီးပွိုင့်လမ်းဆုံတွင် လည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် အနီး မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအနီး လမ်းဆုံတွင် လည်းကောင်း၊ ပင်လောင်း မီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ လည်းကောင်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင် လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်း အဝင်ဝရှိ မုခ်ဦးကြီးကိုလည်း



ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။ စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာ စိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်ထုကြီးများကိုလည်းကောင်း၊ (၇၈) နှစ်မြောက် တပ်မတော်နေ့ တံဆိပ်ကြီးကို လည်းကောင်း၊ ပန်းအလှများဖြင့် ခြယ်သထားပြီး စစ်ရေးပြ ကွင်းကြီးအတွင်းတွင်လည်း ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ရောင်စုံအလံများကိုလည်း လွှင့်ထူထားသည့်အပြင် မီးထွန်းညှိထားသည့် တပ်မတော်နေ့ မီးရှူးတိုင်ကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

ထို့အပြင် ၂၀၂၃ ခုနှစ် (၇၈) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ် ပုံစံငယ်များနှင့် လက်နက်ပုံစံတူများကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် (၇၈) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်းကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မန္တလေးကျုံးဘေးရှိ ရတနာပုံဥယျာဉ်၌ လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ဖြူးမြို့နယ်၌ အခြေခံပညာမူလတန်းအဆင့် (မြို့နယ်အဆင့်)ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းပို့ချ



**ဖြူး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ အခြေခံပညာ မူလတန်းအဆင့် (မြို့နယ်အဆင့်) ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို မတ် ၂၈ ရက် နံနက် ၉ နာရီက ဖြူးမြို့နယ်အထက(၁) ရာပြည့်ခန်းမ၌ ကျင်းပသည်။

ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်က သင်တန်းနှင့်ပတ်သက်သည့် အချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ဦးဆောင်ကာ အခြေခံပညာ မူလတန်းအဆင့် ကျောင်းအုပ်ကြီးများ၊ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချသည့် ဆရာ ဆရာမများအား မွမ်းမံသင်ကြားပေးခြင်းဖြစ်ပြီး ဖြူးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၇၃ ကျောင်းမှ ဆရာ ဆရာမ ၁၀၀၄ ဦးအား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ သင်္ချာဘာသာ၊ သိပ္ပံနှင့် လူမှုရေးဘာသာများကို နည်းပြဆရာ ဆရာမများက ပို့ချခြင်း၊ ဆွေးနွေးခြင်းများကို သင်တန်းကာလ လေးရက်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဦးလှမောင်ရွှေ၊ ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် အထောက်အကူပြုအဖွဲ့ဝင် ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၊ NCA-S-EAO အလွှတ်သဘောဆွေးနွေးညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း(RCSS)၊ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် စောမြရာဇာလင်း (ALP)နှင့် နိုင်အောင်မငေး (NMSP)၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောကျော်သန်းဌေး (DKBA)၊ စောကျော်ညွန့် (KNU/KNLA-PC)၊ ကျာဖူး(LDU)၊ ခွန်မင်းသိန်း(PNLO)နှင့် အထောက်အကူပြု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ဆိုင်ရာကိစ္စနှင့် ဖက်ဒရယ်အခြေခံမူများကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောင်းသား ကျောင်းသူများ၏ နွေရာသီကျောင်းပိတ်ရက်ကာလများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် တိုင်းစစ်ဌာနချုပ်အသီးသီး၌ နွေရာသီသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မတ် ၂၈**

ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက် ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်များ၊ တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများကို ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ အခြေခံ အင်္ဂလိပ်စာသင်တန်းနှင့် မြန်မာ့သိုင်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ မြန်မာ့သိုင်းသင်တန်းကိုလည်းကောင်း**(အပေါ်ပုံ)**၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ အလုံတပ်မြို့ရှိ ကျောင်းခန်းမ၌ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် ကွန်ပျူတာ အခြေခံသင်တန်းတို့ကိုလည်းကောင်း အသီးသီး ဖွင့်လှစ်သင်ကြားပေးကြသည်။

သင်တန်းဖွင့်ပွဲများသို့ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ ဖွင့်ပွဲများတွင် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် သင်တန်းများဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌လည်း တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများကို နွေရာသီသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မောင်တောမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မောင်တော မတ် ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေး မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က လေးမိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကံထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခိုင်ထွန်းမောင်က စိုက်ပျိုးရေး မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေ ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် လေးမိုင် ရပ်ကွက်အတွင်းရှိ တောင်သူ ၇၁ ဦးအတွက် ရန်ပုံငွေကျပ်သိန်း ၄၀၀ ကို ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီသို့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး တောင်သူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၈**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူမြို့၊ မြင်းခြံမြို့၊ တံတားဦး(လေကြောင်းမိုးလေဝသ)နှင့် မကွေးမြို့ တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝ ဒသမ ၆၇ လက်မ၊ မချမ်းဘောမြို့တွင် ဝ ဒသမ ၂၈ လက်မနှင့် ခန္တီးမြို့တွင် ဝ ဒသမ ဝ၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

● *ကျောဖုံးမှ*

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄ ရက်မှ ၉ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **မိုး/ဇလ**

# ပြင်ဦးလွင်မြို့၏ အသက်သွေးကြော ဂဲလောင်းချောင်း ရေအရည်အသွေးကောင်းမွန်ရေးနှင့် ချောင်းဂေဟစနစ် ရေရှည်တည်တံ့စေရေး ဆောင်ရွက်မှုများ

ဖြူလွင်သစ် (ခရိုင် ပြန်/ဆက်)





ဂဲလောင်းချောင်း ကျောက်ရိုးစီခြင်းလုပ်ငန်းပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် ရာသီဥတု ဖောက်ပြန်မှုများကြောင့် ယခုအခါ ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကမ္ဘာသူကမ္ဘာသားအားလုံး ရင်ဆိုင်တွေ့ကြုံ ခံစားနေကြရသည်။ မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးမှု၊ ရေအရင်းအမြစ်ဆုံးရှုံးမှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်၊ ပျက်စီးဆုံးရှုံးမှုများ၊ လူ့အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးမှုဖြစ်စဉ်များ ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ အနာဂတ်အတွက် ထိခိုက်ပျက်စီးမှု၊ သေဆုံးမှုနည်းပါးအောင် အားလုံးဝိုင်းဝန်းကာကွယ် ထိန်းသိမ်းဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားပြီး စတင်ဖွဲ့စည်းဆောင်ရွက်ချိန်မှစ၍ လက်ရှိအချိန်အထိ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အစိုးရအဖွဲ့များနှင့် ပြည်သူများက ကဏ္ဍအလိုက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။

## ဖြတ်သန်းစီးဆင်း

ပြင်ဦးလွင်မြို့၌ ဖြတ်သန်းစီးဆင်းနေသော ဂဲလောင်းချောင်းသည် ပြင်ဦးလွင်မြို့၏ အသက်သွေးကြောဟု ဆိုနိုင်သည့် ရေနုတ်မြောင်းမကြီးဖြစ်သည့်အပြင် ရေချိုသယံဇာတ အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ ဂဲလောင်းချောင်းသည် ကန်တော်လေးကန်၏ ရေပိုလွှဲမှအစပြု၍ မြို့အတွင်း ပတ်ခွေစီးဆင်းလျက်ရှိသည့် ချောင်းတစ်ခုဖြစ်ပြီး ပွဲကောက်ရေတံခွန်အထိ စီးဆင်းသည်။ ထိုမှတစ်ဆင့် ပိတ်ချင်းမြောင်သို့ ဆက်လက်စီးဝင်ပြီး စိုက်ပျိုးမြေများ၊ သစ်တောမြေများကို ဖြတ်သန်းစီးဆင်းကာ ဒုဋ္ဌဝတီမြစ်အတွင်းသို့ ဆက်လက်စီးဝင်သွားသည့် ချောင်းတစ်ခုဖြစ်သည်။ ဂဲလောင်းချောင်း၏အရှည်မှာ မြို့ပေါ်ဧရိယာ ၁၃၂၂၅ ပေ (နှစ်မိုင်ခွဲခန့်) နှင့် မြို့ပေါ်ဧရိယာပြင်ပ ငါးမိုင်ခန့်ရှိပြီး စုစုပေါင်း ခုနစ်မိုင်ခွဲခန့် ရှည်လျားသည့် ချောင်းတစ်ခုဖြစ်သည်။

ထိုသို့ ပြင်ဦးလွင်မြို့၏ အသက်သွေးကြောဖြစ်သည့် ဂဲလောင်းချောင်းအတွင်းသို့ ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်အသီးသီး၏ ရေမြောင်းများမှ ဂဲလောင်းချောင်းအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ မိလ္လာရေဆိုးပိုက်များ စွန့်ထုတ်ခြင်းနှင့် ဂဲလောင်းချောင်းမြေဧရိယာကို ခွင့်ပြုချက်မရှိဘဲ ကျော်လွန်ဆောင်ရွက်ထားသည့် အဆောက်အအုံများကြောင့် ချောင်းဧရိယာမှာ ကျဉ်းမြောင်း လာခဲ့ရသည်။

✳ မဆင်မခြင် ဆောင်ရွက်မှုများကြောင့် ဂဲလောင်းချောင်းမှာ တိမ်ကောလာပြီး ရေစီးရေလာများ ပိတ်ဆို့ကာ ရေအရင်းအမြစ်များ ညစ်ညမ်းလာခဲ့သဖြင့် မိုးတွင်းကာလများ၌ ပြင်ဦးလွင် မြေအနိမ့်ပိုင်း ရပ်ကွက်များတွင် နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရ

✳ ယင်းဖြစ်စဉ်များကို ပြန်လည်ကုစားနိုင်ရေးအတွက် ဂဲလောင်းချောင်း စီးဆင်းရာလမ်းတစ်လျှောက် ချောင်းမြေဧရိယာအမှန် ပြန်လည်ရရှိစေရေး၊ ချောင်းမြေပေါ်တွင် တရားမဝင် အဆောက်အအုံများ မရှိစေရေးနှင့် ဂဲလောင်းချောင်း ရေရှည်တည်တံ့စေရေး ဘက်စုံစီမံချက်ကို ဆောင်ရွက်ခဲ့

## ရေကြီးရေလျှံမှုများဖြစ်ပေါ်

ထိုသို့ တစ်စထက်တစ်စ မဆင်မခြင် ဆောင်ရွက်မှုများကြောင့် ဂဲလောင်းချောင်းမှာ တိမ်ကောလာပြီး ရေစီးရေလာများ ပိတ်ဆို့ကာ ရေအရင်းအမြစ်များ ညစ်ညမ်းလာခဲ့သဖြင့် မိုးတွင်းကာလများ၌ ပြင်ဦးလွင် မြေအနိမ့်ပိုင်း ရပ်ကွက်များတွင် နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရသည်။ အဆိုးရွားဆုံးအနေဖြင့် ၂၀၀၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်တစ်ကြိမ် စံချိန်တင်မိုးရွာသွန်းမှုများကြောင့် ပြင်ဦးလွင်မြို့ကို ဖြတ်သန်းစီးဆင်းနေသည့် ဂဲလောင်းချောင်း ရေကြီးရေလျှံဖြစ်ခဲ့ပြီး ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်ကြီး ၂၁ ခု အနက် ရပ်ကွက်ကိုးခုတွင် ရေလွှမ်းမိုးခဲ့သည်။ ထိုသို့ ရေလွှမ်းမိုးမှုကြောင့် အိမ်ထောင်စု ၁၁၈၇ စု ရေလွှမ်းမိုးခံခဲ့ရပြီး ၄၂၂ ဦး ရေကြီးမှုကြောင့် ပြောင်းရွှေ့ခဲ့ရသည်။

သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်သော အကြောင်းရင်းများစွာရှိသည့်အနက် သဘာဝအလျောက် ဖြစ်ပေါ်ခြင်းများအပြင် အထက်တွင် ဖော်ပြခဲ့သည့် စည်းကမ်းမဲ့ ဆောင်ရွက်မှုများကြောင့် ရေရှည်တွင် ဂေဟစနစ်များ ပျက်ယွင်းလာပြီး ရေအရင်းအမြစ်များ ဆုံးရှုံးကာ မမျှော်မှန်းနိုင်သော ဖြစ်စဉ်များ ဖြစ်ပေါ်ထိခိုက်ခဲ့ရခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်များကို ပြန်လည်ကုစားနိုင်ရေးအတွက် ဂဲလောင်းချောင်း စီးဆင်းရာ လမ်းတစ်လျှောက် ချောင်းမြေဧရိယာအမှန် ပြန်လည်ရရှိစေရေး၊ ချောင်းမြေပေါ်တွင် တရားမဝင် အဆောက်အအုံများ မရှိစေရေးနှင့် ဂဲလောင်းချောင်း ရေရှည်တည်တံ့စေရေး ဘက်စုံစီမံချက်ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရခြင်းမှာ ဂဲလောင်းချောင်းတစ်လျှောက် သာယာလှပစေခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးစေရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများကို အထောက်အကူပြုရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်နေထိုင်နိုင်ရေးအတွက် ချောင်း၏ ဂေဟစနစ် ရေရှည်တည်တံ့စေရေး ရည်ရွယ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ဂဲလောင်းချောင်းနှင့် ဆက်စပ်ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် ဂဲလောင်းချောင်း စီးဆင်းရာလမ်းတစ်လျှောက် ချောင်းမြေဧရိယာ အမှန်ပြန်လည်ရရှိရေး ဆောင်ရွက်ရန်မှာ အဓိကကျသည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် ဂဲလောင်းချောင်း ကျူးကျော်မှုများနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းတိုင်းတာ စာရင်းပြုစုကောက်ယူရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့၏ ကွင်းဆင်းစစ်ဆေးချက်များအရ ဂဲလောင်းချောင်းနှင့် ဂဲလောင်းချောင်းအတွင်း စီးဝင်သော မြောင်းလက်တက် ဧရိယာများအတွင်း ခွင့်ပြုချက်မရှိ ကျော်လွန်ဆောင်ရွက်ထားသည့် အဆောက်အအုံ ၁၈၀ ခန့်ရှိကြောင်း တွေ့ရှိခဲ့ရသည်။

လက်ရှိတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများကြောင့် အဆောက်အအုံ ၁၄၀ ခန့် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကာ ဂဲလောင်းချောင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ရေအရင်းအမြစ် ကောင်းမွန်စေရေး မြောင်းနံရံများ ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရရှိစေရေး အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ တင်ပြချက်များနှင့်အညီ အခက်အခဲရှိသူများကို အဆင်ပြေအောင် ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင် ရွက်ရာတွင် ချောင်းဧရိယာမြေပေါ်၌ ခွင့်ပြုချက်ထက် ကျော်လွန်ဆောက်လုပ်ထားသော အဆောက်အအုံများ၊ တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းခဲ့ရသည်။

ဂဲလောင်းချောင်း ရေအရည်အသွေးကောင်းမွန်ရေးနှင့် ချောင်းဂေဟစနစ် ရေရှည်တည်တံ့ စေရေးအတွက် နုန်းအမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများကိုလည်း တာဝန်ရှိသူများ ပူးပေါင်း၍ အပတ်စဉ် စုပေါင်းဆောင်ရွက်ခြင်း၊ ဂဲလောင်းချောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ ဂဲလောင်းချောင်းတစ်လျှောက် ချောင်းမြေဧရိယာအတွင်း ခွင့်ပြုချက်မရှိ ကျော်လွန်ဆောင်ရွက်ထားသည့် အဆောက်အအုံများကို ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ခြင်းနှင့် ဂဲလောင်းချောင်း ရေစီးရေလာ ကောင်းမွန်ရေး ရေစစ်ကန်များ ဆက်လက်ဆောက်လုပ်နိုင်ရေးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## ပူးပေါင်းဆောင်ရွက်

ဂဲလောင်းချောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် ဂေဟစနစ်ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံလူထု၏ *စာမျက်နှာ ၁၁ သို့*



ဂဲလောင်းချောင်းဘေး ကျော်လွန်အဆောက်အအုံများ ဖယ်ရှားရှင်းလင်းပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

## ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် ဆီနေကြာများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်ကာ ဈေးကောင်းရရှိ

**မန္တလေး မတ် ၂၈**

သကြၤန်ကာလမတိုင်မီ ယခုမတ်လကုန်ပိုင်းတွင် မန္တလေးဈေးကွက်အတွင်းသို့ စားသုံးသူပြည်သူများသုံးစွဲရန် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် ဆီနေကြာများ နေ့စဉ်လှိုင်လှိုင်ဝင်ရောက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။



ယခုအချိန်တွင် မြန်မာပြည်အနှံ့ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် နေကြာများ စတင်ထွက်ရှိလာကာ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ဈေးကွက်အတွင်းသို့ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အဓိကဝင်ရောက်လာပြီး ဈေးနှုန်းအနေဖြင့် ယခင်နှစ်ကာလတုန်းက ဆီနေကြာ ၂၇ ပိဿာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ဈေးသာရှိခဲ့သော်လည်း ယခုနှစ် လက်ရှိအချိန်တွင် ဆီနေကြာ ၂၇ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းပေါက်ဈေးရှိကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ယခင်ကာလတွေက ဆီနေကြာကို ကြားသီးနှံအဖြစ်ပဲ စိုက်ပျိုးကြပါတယ်။ အခုအချိန်မှာ နေကြာတွေကို အခင်းလိုက်စိုက်ပျိုးနေတာကို တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာတာတွေ့ရှိရတယ်။ နေကြာကို စိုက်ပျိုးတဲ့အခါမှာ ကုန်ကျစရိတ်သက်သာတဲ့အတွက် တောင်သူတွေလည်း အဆင်ပြေပါတယ်။ လက်ရှိအချိန်မှာ နိုင်ငံတော်အနေနဲ့ကလည်း ဆီနေကြာကိုစိုက်ပျိုးဖို့ တိုက်တွန်းနေပါတယ်။ ပြည်တွင်းကထွက်ရှိတဲ့အတွက် ဈေးနှုန်းအနေနဲ့ကလည်း သင့်တင့်မျှတတဲ့ဈေးရှိတယ်။ နေကြာဖတ်ကလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုလို့ရပါတယ်။ ရေဝတီတိုင်းဒေသကြီးမှာ ဆီနေကြာကို စနစ်တကျစိုက်ပျိုးရင် အများအပြား ထွက်ရှိပြီးတော့ ပြည်တွင်းဆီကို ဖူလုံစေနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

နေကြာသီးနှံကို စားသုံးသည့် လှော်နေကြာနှင့် ဆီထွက်သီးနှံအဖြစ် စိုက်ပျိုးသည့် နေကြာဟူ၍ နှစ်မျိုးရှိကြောင်း၊ စားသုံးသည့် လှော်နေကြာကို ရေဝတီမြစ်ရိုးတစ်လျှောက်နှင့် တောင်ကြီး၊ အောင်ပန်းဒေသတို့တွင် စိုက်ပျိုးကြကြောင်း၊ ဆီထွက်သီးနှံအဖြစ် စိုက်ပျိုးကြသည့်နေကြာကို မြန်မာပြည်အနှံ့ တောင်ပေါ်၊ မြေပြန့်နေရာဒေသမရွေး စိုက်ပျိုးကြကြောင်း၊ နေကြာသည် စရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိကြသည့်အတွက် တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## သထုံမြို့နယ်အတွင်းရှိ ပြည်သူများအား ရွေ့လျားကွန်ပျူတာ ဓာတ်မှန်စက်ဖြင့် အခမဲ့ကုသပေး

**သထုံ မတ် ၂၈**

မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နယ်လှည့်ကွင်းဆင်း ကျန်းမာရေးစစ်ဆေးရေးအဖွဲ့နှင့် သထုံမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ရွေ့လျားကွန်ပျူတာဓာတ်မှန်စက်ဖြင့် အဆုတ် (တီဘီရောဂါ) နှင့် ရင်ခေါင်းဆိုင်ရာများ အခမဲ့စမ်းသပ်စစ်ဆေး၊ ကုသခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တံတားဦးကျေးလက် ဆေးပေးခန်း၌ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



နယ်လှည့် စစ်ဆေးကုသရာတွင် ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဦးနှင့် တာဝန်ရှိသူများက လာရောက်ပြသသည့် ပြည်သူများအား ရွေ့လျားကွန်ပျူတာ ဓာတ်မှန်စက်ဖြင့် ဓာတ်မှန်ရိုက်စစ်ဆေးပေးပြီး ရောဂါတွေ့ရှိသူများအား သလိပ်စစ်ဆေး၍ သက်ဆိုင်ရာဆေးများနှင့် လိုအပ်သော ကုသမှုများ ညွှန်ကြားပေးခဲ့ကြောင်း၊ ရောဂါတွေ့ရှိသူများအတွက် ခြောက်လစာဆေးများကို ပေးအပ်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများထံမှ တစ်ဆင့်တစ်လစာဆေးကို ထုတ်ယူနိုင်ကြောင်း နယ်လှည့်ကွင်းဆင်းအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နယ်လှည့်စမ်းသပ်၊ စစ်ဆေး၊ ကုသခြင်းလုပ်ငန်းများကို သထုံမြို့နယ်အတွင်း မတ် ၂၀ ရက် မှစတင်ကာ ၃၀ ရက်အထိ သထုံမြို့နယ်နှင့် သုဝဏ္ဏဝတီမြို့အတွင်း ရပ်ကွက်ကျေးရွာတို့ရှိ စုရပ် ၁၀ နေရာ၌ နေ့စဉ်နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ တစ်ရက်လျှင် စုရပ်တစ်နေရာစီ လိုက်လံဆောင်ရွက်နေပြီး မတ် ၂၈ ရက် အထိ စုရပ် ရှစ်နေရာ၌ စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိသူ ၄၅ ဦးရှိကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**နဒီ(ပြန်/ဆက်)**

## ကဝမြို့နယ်၌ တီဘီစီမံချက် ခရိုင်အဆင့်ကွင်းဆင်း ဆောင်ရွက်

**ကဝ မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ပဲခူးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တီဘီစီမံချက် ခရိုင်အဆင့်ကွင်းဆင်းခြင်း ဆောင်ရွက်မှုကို ယနေ့ပိုင်းက ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်အေးအေးလွင်က မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ကဝမြို့နယ် ဆရာဝန်ကြီးဒေါက်တာဆွေဇင်ဝင်းက တီဘီရောဂါနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တီဘီရောဂါဝေဒနာရှင်များအား ကြက်ဥ၊ ကွေကာအုပ်၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မိုင်းယောင်းဒေသထွက် ကြံသကာများကို တွေ့ရစဉ်။

## မိုင်းယောင်းဒေသထွက် ကြံသကာများဈေးကောင်းရ

**မိုင်းယောင်း မတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ အရသာထူးကဲသောဒေသထွက်ကြံသကာ ဝယ်ယူသူများပြားပြီး ဈေးကောင်းလည်း ရရှိသောကြောင့် ကြံသကာပြုလုပ်ရောင်းချသူများ မိသားစုဝင်ငွေရရှိကာ အဆင်ပြေနေကြကြောင်း သိရသည်။

"ကြံသကာဟာ ကြံချောင်းကို ကြိတ်ပြီးရလာတဲ့ အရည်ကိုသန့်စင်အောင်စစ်ပြီး ကျိုချက်ရပါတယ်။ ကြံသကာရလာသည်အထိ နည်းရင်နည်းသလို၊ များရင်များသလို အချိန်ပေးလုပ်ရပါတယ်၊ အနည်းဆုံး နှစ်ရက်၊ သုံးရက်လောက်တော့ ကြာပါတယ်။ အရင်နှစ်က တစ်ပိဿာ ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိသာ ရောင်းရပြီး အခုနှစ်မှာတော့ တစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ အထိ ရောင်းချရပါတယ်" ဟု ကြံသကာပြုလုပ်ရောင်းချသူတစ်ဦးက ပြောသည်။

မိုင်းယောင်းဒေသထွက် ကြံသကာသည် သဘာဝအတိုင်း ပြုလုပ်သည့်အတွက် အရသာထူးခြားကောင်းမွန်သဖြင့် မိုင်းဖြတ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကျိုင်းလပ်စသော အခြားမြို့များက မိုင်းယောင်းအထိ လာရောက်ဝယ်ယူနေသောကြောင့် ဈေးကောင်းရနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

*စာမျက်နှာ ၁၀ မှ*

ပူးပေါင်းဆောင်ရွက်မှုကို သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ဘက်စုံစောင့်ကြပ်ကြည့်ရှုခြင်းများဖြင့် သန့်ရှင်းကောင်းမွန်သော ရေချိုအရင်းအမြစ်တစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်စေမည်ဖြစ်သည်။

ဂဲလောင်းချောင်း သန့်ရှင်းသာယာလှပရေးအတွက် ဂဲလောင်းချောင်းအတွင်းသို့ ရေဝင်ရောက်သည့် မြောင်းများ၊ ရေဝင်ပေါက်များကို အမှိုက်စစ်ဆန်ခါများ တပ်ဆင်၍ နုန်းနှင့် အမှိုက်များ သန့်စင်ဖယ်ရှားခြင်း၊ ချောင်းနယ်နိမိတ်ကျူးမြောင်းမှု မရှိစေရေးနှင့် အခြားမြေအသုံးချမှုများကို ထိန်းသိမ်းကန့်သတ်ခြင်းဖြင့် မြို့သန့်ရှင်းသာယာလှပရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပြီး သန့်ရှင်းသာယာလှပရေးကို ထိခိုက်စေမည့် မည်သည့်စီမံကိန်းကိုမဆို ဆောင်ရွက်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဂဲလောင်းချောင်း ရေလမ်းကြောင်းတိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများအတွက် နှစ် ၁၀၀ ဖြစ်တန်စွမ်း (100 Year Returned Period) ရေကြီးရေလျှံမှုကို ကာကွယ်နိုင်သော ဒီဇိုင်းပုံစံဖြင့် ခွင့်ပြုဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းဆုံးမှတ် ပေ ၂၂၆၀၀ အထိ ဆောင်ရွက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြင်ဦးလွင်မြို့ ဂဲလောင်းချောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေပိုလွှဲအထွက်မြောင်း (ထီးလှိုင်တံတားထိ) ရေပြေးရေယာအကျယ် ၁၂၀ စတုရန်းပေ ရရှိရေးနှင့် စီးဆင်းရေအားလုံး ကောင်းမွန်စွာ စီးဆင်းနိုင်ရေးအတွက် လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး ဂဲလောင်းချောင်း (ဂန္ဓမာမြိုင်အဝိုင်း ထီးလှိုင်တံတားမှ စစ်မှုထမ်းဟောင်းဝန်ထမ်းအိမ်ရာ အနီးထိ) လိုအပ်လျက်ရှိသော နေရာများတွင် (၅၀၁၅'x၁'-၆"x၅') ကျောက်ရိုးစီခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်း၏ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ပြင်ဦးလွင်မြို့ကို Clean City (သန့်ရှင်းသောမြို့)၊ Green City (စိမ်းလန်းသောမြို့) ဖြစ်စေရေးအတွက် အခြေခံဖြစ်သည့် ပြင်ဦးလွင်မြို့၏ အသက်သွေးကြော ဂဲလောင်းချောင်း ရေအရည်အသွေးကောင်းမွန်စေရေး၊ ချောင်းဂေဟစနစ် ရေရှည်တည်တံ့စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးအပါအဝင် အမှိုက်များ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် သာယာသော ပတ်ဝန်းကျင်ကောင်းများအဖြစ် ပုံဖော်နိုင်စေရေးတို့မှ အစပြုကာ ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ခရီးသွားမြို့တော်ဖြစ်လာစေရေးအတွက် ဒေသနေပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင် / ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင် / ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင်များ အခြေခံအဘိဓမ္မာသင်တန်းနှင့် မိသားစုဝင် သား / သမီးများ ယဉ်ကျေးလိမ္မာသင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် မတ် ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင်များ အခြေခံအဘိဓမ္မာသင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၌ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ/အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာမများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခြေခံအဘိဓမ္မာသင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြ ဆရာမများကို ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ အခြေခံအဘိဓမ္မာသင်တန်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင် သင်တန်းသူ စုစုပေါင်း ၆၄၃ ဦး တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ယဉ်ကျေးလိမ္မာသင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနားကို နေပြည်တော်ရှိ ရုံးအမှတ်(၈)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြ ဆရာ/ဆရာမများကို ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၏ မိသားစုဝင် သား/သမီး၊ ကျောင်းသား ကျောင်းသူများ အနက် Grade(2) မှ Grade(12) အထိ စုစုပေါင်း ၄၆၉ ဦးကို တန်းခွဲလေးခုခွဲ၍ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စားနပ်ရိက္ခာဖူလုံရေးသာမက ပြည်သူတစ်ဦးချင်း၏ ဝင်ငွေနှင့် ဒေသ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မြှင့်တင်နိုင်ရေးအတွက် ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် မတ် ၂၈**




စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဒေသအလိုက် ဖွံ့ဖြိုးလာရေးအတွက် လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးသာမက ပြည်သူတစ်ဦးချင်း၏ ဝင်ငွေနှင့် ဒေသ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မြှင့်တင်နိုင်ရေးအတွက် အဆင့်ဆင့်သော လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပုဂ္ဂလိကများ၊ တောင်သူများ၏ လိုအပ်ချက်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း မတ် ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ မအူပင်ခရိုင်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ဒေါက်တာ အောင်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဇင်ဘောင်ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် တာဝန်ခံများနှင့်လည်းကောင်း၊ ကျိုက်လတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့်လည်းကောင်း၊ မအူပင်ခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး ဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများက ဘဏ္ဍာနှစ်အလိုက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ သီးနှံအလိုက် လျာထားအထွက် ပြည့်မီရေးဌာနနှင့် တောင်သူတို့ ပူးပေါင်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တောင်သူများအကျိုးရှိစေမည့် သီးနှံပုံစံလုပ်ကိုင်နိုင်ရေး၊ တစ်ကေချင်း၏ သီးနှံထုတ်လုပ်နိုင်မှု စွမ်းအားတိုးမြှင့်ရေး၊ ပထဝီမြေမျက်နှာသွင်ပြင် အခြေအနေပေးမှုကို အသုံးချ၍ စိုက်ပျိုးရေး မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေး အားပေးဆောင်ရွက်ပြီး ဒေသနေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖော်ဆောင်ပေးရေး၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းပါဝင်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများ၏ တင်ပြချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ပြီးခဲ့သည့်ပွဲစဉ်တွင် နာမည်ကြီး နယ်သာလန်အသင်းကို ဂိုးပြတ်နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော ပြင်သစ်အသင်းသည် ယခုပွဲစဉ်တွင်လည်း အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အိုင်ယာလန်အသင်းကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် နှစ်ပွဲကစားပြီး ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အိုင်ယာလန်အသင်း၏ ခြေစွမ်းတုံ့ပြန်ကစားပုံ ကောင်းမွန်မှုရှိခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးကို ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ အိုင်ယာလန်အသင်းသည် လာမည့်ပွဲစဉ်တွင် ဂရိအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ဘက်ပြင်သစ်အသင်းက လာမည့်ပွဲစဉ်တွင် ဂျီဘရော်လ်တာ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောပွဲစဉ်တွင် နယ်သာလန်နှင့် ဂျီဘရော်လ်တာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး နယ်သာလန်အသင်းက ဒီပေး၊ အကီတို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

**အောင်ဇော်**

# မြောင်းမြမြို့၌ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

**မြောင်းမြ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို အ.ထ.က(၁) ပညာရတနာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြမြို့နယ် ပညာရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ဒုတိယပညာရေးမှူး ဦးကျော်ဦးက ဆွေးနွေးပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို မတ် ၂၈ ရက်မှ မတ် ၃၁ ရက်အထိ လေးရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ပြီး အ.ထ.က (၁)ကျောင်း၌ သင်တန်းသား သင်တန်းသူ ၇၅၀ ကို သင်တန်းနည်းပြ ၂၅ ဦးတို့ဖြင့် လည်းကောင်း၊ အ.ထ.က (၆) ၌ သင်တန်းသား



သင်တန်းသူ ၇၅၉ ဦး၊ နည်းပြ ၂၅ ဦးတို့ဖြင့် လည်းကောင်း ဆွေးနွေးပို့ချမည်ဖြစ်ကြောင်းသိရသည်။

**ဝေဝေ(မြောင်းမြ)**

## မလေးရှားဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့ ဒေသတွင်းကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ကတိပြု




ဖနောင်ပင် မတ် ၂၈

မလေးရှား ဝန်ကြီးချုပ်သည် ကမ္ဘောဒီးယား ဝန်ကြီးချုပ်နှင့် ဖနောင်ပင်၌ တွေ့ဆုံဆွေးနွေးခဲ့ရာ ဒေသတွင်းအရေးကိစ္စများအပေါ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ကတိပြုခဲ့သည်။

နိုဝင်ဘာလမှစကာ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် အန်ဝါ အီဘရာဟင်အတွက် ကမ္ဘောဒီးယား ခရီးစဉ်သည် ၎င်း၏ ပထမဆုံး ခရီးစဉ်ဖြစ်သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အန်ဝါသည် နိုင်ငံအတွင်း ငြိမ်းချမ်းရေး ရရှိအောင် ဟွန်ဆင်အနေဖြင့် ကြိုးစားခဲ့ပုံများကို ချီးကျူး ပြောကြားခဲ့သည်။

နှစ်နိုင်ငံကြား သက်ဆိုင်ရာ အဆင့်လိုက် အမြင်ချင်းဖလှယ်သွားရန် မျှော်လင့်ကြောင်း ဟွန်ဆင်က ပြောကြားခဲ့သည်။ တစ်ရက်ကြာ ကမ္ဘောဒီးယား ခရီးစဉ်ပြီးနောက် အန်ဝါသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘိုအာ အစည်းအဝေး တက်ရောက်ရန် တရုတ်နိုင်ငံသို့ မတ် ၂၉ ရက်တွင် ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ရှုခင်းကြည့်လှေတစ်စင်း တိမ်းမှောက်နစ်မြုပ်၊ တစ်ဦးသေဆုံး

ကျိုတို မတ် ၂၈

ခရီးသည် ၂၉ ဦး တင်ဆောင်လာသော ရှုမျှော်ခင်းကြည့်လှေတစ်စင်းသည် ဂျပန်နိုင်ငံအနောက်ပိုင်း ကျိုတိုခရိုင်ရှိ မြစ်တစ်ခုအတွင်း တိမ်းမှောက်နစ်မြုပ်ခဲ့သဖြင့် လှေအမှုထမ်းတစ်ဦးသေဆုံးခဲ့ပြီး တခြားသူများ ပျောက်ဆုံးလျက်ရှိသည်။

အပျော်စီးလှေသည် ကာမိအိုကာမြို့ရှိ ဟိုဇူမြစ်အတွင်း စုန်ဆင်းပြီး ရှုမျှော်ခင်းများကြည့်နေစဉ် တိမ်းမှောက်နစ်မြုပ်ခဲ့ပြီးနောက် ခရီးသည် ၂၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မီးသတ်အရာရှိများက ပြောကြားခဲ့သည်။

လှေအမှုထမ်း လေးဦးလိုက်ပါလာသော အဆိုပါ လှေတွင် အသက် ၅၁ နှစ်ရှိ တာနာကာ ဆူဘူရို သေဆုံးခဲ့ပြီး အသက် ၄၀ ကျော် တစ်ဦး ပျောက်ဆုံးလျက်ရှိသည်။ ၁၃ နှစ်မှ ၅၄ နှစ်ကြား အမျိုးသမီး ခရီးသည်ကိုးဦးတို့ ဒဏ်ရာ အနည်းငယ်ရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။



လှေအမှုထမ်းတစ်ဦး၏ ပြောကြားချက်အရ လှေပေါ်တွင် လိုက်ပါလာသူ ၂၉ ဦးရှိပြီး ကလေးသုံးဦးမှာ လှေတိမ်းမှောက်ကတည်းက ရေထဲသို့ ပြုတ်ကျသွားခဲ့သည်ဟုဆိုသည်။ ရှုခင်းကြည့် အပျော်စီးခရီးစဉ်များတွင် အများအားဖြင့် လှေအမှုထမ်းများသည် လှော်တက်နှင့် ဝါးလုံးများအား ရေအနက်ကို တိုင်းတာရန် ကိုင်ဆောင်လေ့ရှိသည်။ လှေသည် ကျောက်ဆောင်နှင့် ဝင်တိုက်မိပြီး နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရန် ရဲများနှင့် မီးသတ်အရာရှိများက ဆောင်ရွက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

## ငလျင်လှုပ်ခတ်ပြီးနောက် တူကီယဲရှိ ဆီးရီးယားဒုက္ခသည် ခြောက်သောင်းနီးပါး နေရပ်ပြန်

အင်ကာရာ မတ် ၂၈

ဖေဖော်ဝါရီလက အလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် တူကီယဲရှိ ၎င်းတို့၏ နေအိမ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားပြီးနောက် ဆီးရီးယားဒုက္ခသည် ၆၀၀၀၀ နီးပါးမှာ နေရပ်သို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း မတ် ၂၈ ရက်တွင် တူကီယဲအစိုးရ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

တူကီယဲတွင် နေထိုင်သော ဆီးရီးယားနိုင်ငံသား ၆၀၀၀၀ ခန့်မှာ ၎င်းတို့၏ အိမ်များနှင့် ဆွေမျိုးများ ဆုံးရှုံးမှုဖြစ်ပွားသည့်အတွက် နေရပ်သို့ ပြန်သွားကြပြီဖြစ်ကြောင်း ငလျင်ဒဏ်သင့်သော နိုင်ငံတောင်ပိုင်း ဟာတေးပြည်နယ်၏ နယ်စပ်မျဉ်း၌ တူကီယဲ ကာကွယ်ရေးဝန်ကြီး ဟူလူစီ အက်ခါက ပြောသည်။ ဆီးရီးယားနိုင်ငံမှ ဒုက္ခသည်များ စုပြုံဝင်ရောက်မှု ရှိသည်ဟူသော ပြောကြားချက်များကို ကာကွယ်ရေးဝန်ကြီးက ငြင်းဆိုထားပြီး တူကီယဲနယ်စပ်သည် တရားမဝင် နယ်စပ် ဖြတ်ကျော်မှုများအား တင်းကျပ်စွာ ကာကွယ်ပေးထားကြောင်း အလေးပေးပြောသည်။

တူကီယဲနိုင်ငံသည် ဆီးရီးယားနိုင်ငံသား ၃ ဒသမ ၆ သန်းကျော်ကို ခိုလှုံခွင့် ပေးထားကြောင်းနှင့် ကမ္ဘာ့ဒုက္ခသည်အများဆုံး ခိုလှုံခွင့်ပေးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ၎င်းတို့ထဲမှ အများစုကို လူမှုရေးဝန်ဆောင်မှုများ၊ နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်များ ပေးထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆ ရက်က တူကီယဲနှင့် ဆီးရီးယားနိုင်ငံတို့တွင် အင်အား အလွန်ပြင်းထန်သော ငလျင်များ လှုပ်ခတ်မှုကြောင့် လူပေါင်း ၅၀၀၀၀ ကျော် သေဆုံးကြောင်း အတည်ပြုထားသည်။

ဆင်ဟွာ



## အမေရိကန် တင်နက်ဆီပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်း၌ ပစ်ခတ်မှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

တင်နက်ဆီ မတ် ၂၈

အမေရိကန် စုံစမ်းစစ်ဆေးသူများက တင်နက်ဆီပြည်နယ်တောင်ပိုင်းရှိ စာသင်ကျောင်း တစ်ကျောင်း၌ ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။ အသက် ၂၈ နှစ်ရှိ ဒေသခံအမျိုးသမီးတစ်ဦးသည် နက်ချ်ဗီလီရှိမူလတန်းကျောင်းတစ်ကျောင်း၌ မတ် ၂၇ ရက် နံနက်ပိုင်းက ပစ်ခတ်မှု ပြုလုပ်ခဲ့သည်။

အဆိုပါပစ်ခတ်မှုတွင် ခြောက်ဦးသေဆုံးခဲ့သည်။ နက်ချ်ဗီမြို့တောင်ပိုင်း ၉ ကီလိုမီတာဝေးသည့် လူနေဒေသရှိ မူလတန်းစာသင်ကျောင်း တစ်ကျောင်း၌ ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကွန်ဗီနင့် ကျောင်းသည် မူလတန်းကြိုအဆင့်မှ ခြောက်တန်းအထိ ကျောင်းသား ကျောင်းသူပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။ သေနတ်သမားသည် ကျောင်းသားဟောင်းတစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အင်န်အိတ်ချ်ကေ

## ယီမင်နိုင်ငံ၌ အစိုးရနှင့် ဟူသီသူပုန်များကြား တိုက်ပွဲဖြစ်ပွား၊ ၁၁ ဦးထက်မနည်း သေဆုံး

အေဒင် မတ် ၂၈

ယီမင်နိုင်ငံတောင်ပိုင်း လားဂျ်ပြည်နယ်တွင် မတ် ၂၈ ရက် အစောပိုင်းက ယီမင်အစိုးရတပ်များနှင့် ဟူသီသူပုန်များကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ၁၁ ဦးထက်မနည်း သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ပစ်ခတ်တိုက်ခိုက်မှုအတွင်း ဟူသီသူပုန်ဘက်မှ ခြောက်ဦးနှင့် အစိုးရဘက်မှ ငါးဦး သေဆုံးခဲ့ပြီး အနီးနားရှိရွာများမှ ဒေသခံအများစုမှာ ဘေးလွတ်ရာသို့ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း သိရသည်။ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒေသအစိုးရတာဝန်ရှိသူများက ၎င်းတို့၏ တပ်ဖွဲ့များအား သတိဝီရိယရှိကြရန် မှာကြားထားပြီး ယီမင်အစိုးရ၏ ယာယီမြို့တော် အေဒင်နှင့် နီးစပ်သော လားဂျ်ပြည်နယ်တွင် ဟူသီသူပုန်များ၏ တိုက်ခိုက်မှုကို ကာကွယ်ရန် မှာကြားထားသည်။

နိုင်ငံတကာအသိုင်းအဝိုင်းက တင်းမာမှုလျှော့ချရန်နှင့် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုထားသော်လည်း ဟူသီသူပုန်များက အစိုးရထိန်းချုပ်ထားသော ပြည်နယ်များတွင် မြေပြင်စစ်ရေး တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟုဆိုသည်။ ထို့အပြင် ရေနံကြွယ်ဝသော မာရစ်ဘ်နှင့် ရှက်ဘ်ဝါ ပြည်နယ်တို့တွင် ဟူသီသူပုန်များ၏ တိုက်ခိုက်မှု မြင့်တက်လာသောကြောင့် ယီမင်အစိုးရက နိုင်ငံအတွင်း စစ်ပွဲကြီးများ ပြန်လည်ဖြစ်ပွားလာနိုင်သည်ဟု မတ် ၂၄ ရက်က သတိပေးထားသည်။

၂၀၁၄ ခုနှစ်မှစတင်၍ ယီမင်နိုင်ငံသည် ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့အပါအဝင် နိုင်ငံတကာက အသိအမှတ်ပြုထားသော အစိုးရနှင့် ၎င်း၏ မဟာမိတ်များကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဟူသီသူပုန်များကြောင့် ပြည်တွင်းစစ်ပွဲ ဖြစ်ပွားခဲ့သည်။ အဆိုပါစစ်ပွဲသည် ယီမင်နိုင်ငံကို ပြိုကွဲလုနီးပါးဖြစ်သည်အထိ အဆင်းရဲဆုံးနိုင်ငံဖြစ်အောင် တွန်းပို့ခဲ့သည်။

ဆင်ဟွာ

## အီကွေဒေါ၌ မြေပြိုမှုဖြစ်ပွား လူခုနစ်ဦး သေဆုံး

ကွီတို မတ် ၂၈

တောင်အမေရိကတိုက်ရှိ အီကွေဒေါနိုင်ငံ၌ ကြီးမားသည့် မြေပြိုမှု တစ်ခုဖြစ်ပွားခဲ့ရာ ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကာ ၄၆ ဦး ပျောက်ဆုံးလျက်ရှိသည်။

ကြီးမားသည့်မြေပြိုမှုသည် မြို့တော် ကွီတိုနှင့် ကီလိုမီတာ ၂၀၀ ဝေးသည့် အယ်လူစီမြို့၌ ဖြစ်ပွားခဲ့ကြောင်း အီကွေဒေါ အာဏာပိုင်များက ပြောသည်။ မြေပြိုမှုကြောင့် အဆောက်အအုံများ ပြိုလဲကုန်ပြီး မြေကြီးများဖုံးလွှမ်းသွားခဲ့သည်ကို ဗီဒီယိုဖိုင်ထဲတွင် တွေ့နိုင်မည်ဖြစ်သည်။

မြေပြိုမှုကြောင့် အဆောက်အအုံပေါင်း ၁၆၃ ခုပျက်စီးခဲ့ပြီး ပျောက်ဆုံးသူများကို ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အာဏာပိုင်များက ပြောသည်။

အင်န်အိတ်ချ်ကေ

# အစားအစာ မလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်နေရတဲ့ ဆိုမာလီပြည်သူငါးသန်း

---- နှင်းမိုးအိမ် ----

အာဖရိက ဦးချိုဒေသတွင် မိုးခေါင်မှုဖြစ်ပွားနေသည်မှာ အချိန်ကြာမြင့်နေပြီဖြစ်သည်။ ခြောက်နှစ်ဆက်တိုက်မိုးခေါင်နေခဲ့ပြီးနောက် ဆိုမာလီပြည်သူ ငါးသန်းနီးပါးမှာ အစားအစာမလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်နေရပြီဖြစ်သည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ပြောကြားခဲ့သည်။



မိုးခေါင်မှုကြောင့် နေရပ်စွန့်ခွာသူများအား ဆိုမာလီယာဘိုင်အုံဒါ ကယ်ဆယ်ရေးစခန်းတစ်ခု၌ နေရာချထားပေးမှုကို တွေ့ရစဉ်။

### အာဟာရချို့တဲ့မှုဖြစ်ပေါ်လာ

ဆိုမာလီနိုင်ငံ၌ လူပေါင်း ၉၆၀၀၀ မှာ ဝေါ်မွတ်မှု ဘေးဒုက္ခကြီးနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်း ဒူဂျာရစ်ကပြောသည်။ အစားအစာလုံခြုံရေးအဆင့် ခွဲခြားသတ်မှတ်မှု (အိုင်ပီစီ) ၏ ကျွမ်းကျင်သူများ ပြောစကားကို ကိုးကားကာ ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ အစားအစာ လုံခြုံစိတ်ချရမှုမရှိခြင်းကြောင့် ကာလဝမ်းရောဂါနှင့် ဝက်သက်ရောဂါများ ဖြစ်ပွားခြင်းကို ဦးတည်သွားစေနိုင်ကြောင်းနှင့် အာဟာရချို့တဲ့မှုများပါ ဖြစ်ပေါ်လာကြောင်း အိုင်ပီစီက ပြောသည်။

### ယာယီသာ ရှောင်ရှားနိုင်ခဲ့

ဆိုမာလီ၌ အိုင်ပီစီက စစ်တမ်းကောက်ယူရာတွင် အစားအသောက်ဖြန့်ဝေခြင်းနှင့် ပတ်သက်၍ တိုးတက်မှုအနည်းငယ်ရှိလာကြောင်း ကုလ ပြောရေးဆိုခွင့်ရှိသူကပြောသည်။ အစားအသောက်ဖြန့်ဝေရာတွင် ရရှိမှုနှုန်းမှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း လူဦးရေ နှစ်သန်းနီးပါးကို အစားအသောက် ဖြန့်ဝေပေးနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း လူပေါင်း ၅ ဒသမ ၄ သန်းကို အစားအသောက် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ကုလပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ယင်းသို့ အစားအသောက်ဖြန့်ဝေမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း အစားအသောက် လုံခြုံစိတ်ချရမှုပြဿနာမှာ လျော့ပါးသွားခြင်းမရှိကြောင်းနှင့် ထိတ်လန့်စရာကောင်းသည့် အခြေအနေမျိုးမှ ယာယီသာ ရှောင်ရှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း မိတ်ဖက်အဖွဲ့အစည်းများက သတိပေးခဲ့သည်ဟု ဒူဂျာရစ်က ပြောသည်။

### လိုအပ်နေဆဲဖြစ်

လာမည့် ဧပြီလမှ ဇွန်လအတွင်း လူပေါင်း ၆ ဒသမ ၅ သန်းကျော်မှာ ဆိုးရွားသည့် အငတ်ဘေးနှင့် အစားအစာလုံခြုံမှုမရှိခြင်းပြဿနာနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ ဆိုမာလီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု တုံ့ပြန်ရေးအစီအစဉ်အရ ဆိုမာလီရှိ လူပေါင်း ၇ ဒသမ ၆ သန်းရှိသော ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ရှာဖွေထားသည်ဟု သိရသည်။ မတ်လကုန်တွင် အစားအသောက် ဖြန့်ဝေမှုများ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် နောက်ထပ် ရန်ပုံငွေများလည်း လိုအပ်နေဆဲဖြစ်သည်။

### မိုးခေါင်မှုမှာ မပြီးဆုံးသေး

အာဖရိကဦးချိုဒေသတွင် မိုးခေါင်နေသည်မှာ ခြောက်နှစ်ဆက်တိုက်ရှိပြီဖြစ်သည်။ မိုးရာသီသို့ ရောက်ရှိပြီဖြစ်သော်လည်း မိုးရွာသွန်းခြင်းမရှိပေ။ ယင်းသို့သော အခြေအနေမျိုးကြောင့် နေရပ်စွန့်ခွာကာ ထွက်ပြေးရသူဦးရေမှာလည်း တစ်ရှိန်ထိုးများပြားလာခဲ့သည်။ ဆိုမာလီယာ၊ အီသီယိုပီးယားနှင့် ကင်ညာနိုင်ငံတို့မှာ ဆိုးရွားသည့်ရေရှားပါးမှုပြဿနာ၊ နိုင်ငံရေးပဋိပက္ခများနှင့် လုံခြုံမှုမရှိသည့် အခြေအနေများအောက်တွင် နေထိုင်နေရသည်။ ကာလရှည်ကြာပြီး ဆိုးရွားလှသည့် မိုးခေါင်မှုမှာလည်း မပြီးဆုံးသေးချေ။

### နေရပ်စွန့်ခွာထွက်ပြေးကြ

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီးရုံးသည် ဒုက္ခသည်နှင့် အခြေအနေအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာထွက်ပြေးကာ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၃ ဒသမ ၃ သန်းကို ကူညီရန်အတွက် အမေရိကန်ဒေါ်လာ ၁၃၇ သန်း ကူညီပေးသွားမည်ဖြစ်သည်။ အီသီယိုပီးယားနှင့် ဆိုမာလီနိုင်ငံတို့တွင် မိုးခေါင်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ၁ ဒသမ ၇ သန်းရှိပြီး အများစုမှာ ပြီးခဲ့သည့်နှစ်ကတည်းက ထွက်ပြေးခဲ့ရသူများ ဖြစ်သည်ဟု သိရသည်။ ဆိုမာလီယာနှင့် တောင်ဆူဒန်တို့မှ ဒုက္ခသည်ပေါင်း ၁၈ သိန်းကျော်တို့သည် မိုးခေါင်မှုဒဏ်ခံစားရသည့် ကင်ညာနှင့် အီသီယိုပီးယားနိုင်ငံတို့သို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်။

ဖေဖော်ဝါရီလအတွင်းကလည်း လူပေါင်း တစ်သိန်းမှာ အီသီယိုပီးယားနိုင်ငံရှိ ဝေးလံသော ဒေသဖြစ်သည့် ဒိုလိုဒေသသို့ဝင်ရောက်ခဲ့ကြသည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။ အဆိုပါဒေသမှာလည်း မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေရသည့် ဒေသဖြစ်သည်။ ဆိုမာလီ တစ်နိုင်ငံထဲတွင်ပင် ပဋိပက္ခများနှင့် မိုးခေါင်မှုကြောင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်နေရသူ ၂၈၇၀၀၀ ရှိသည်ဟု သိရသည်။

### လူသန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ

ဆိုမာလီနိုင်ငံသည် သမိုင်းတွင် အရှည်လျားဆုံးနှင့်အဆိုးရွားဆုံး မိုးခေါင်မှုဒဏ်ကိုခံစားနေရခြင်းဖြစ်ပြီး ကာလရှည်ကြာ မိုးခေါင်မှုကြောင့် နိုင်ငံကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။ ဆိုမာလီယာ၌ တိရစ္ဆာန် ၃ ဒသမ ၅ သန်း သေကျေပျက်စီးခဲ့ရပြီး မွေးမြူရေးလုပ်ငန်းများလည်း ပျက်ပြားခဲ့ရသည်။

ယင်းအတွက်ကြောင့် ကလေးငယ်များ နို့မသောက်သုံးရဘဲ လူသန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ။

ကိုးကား - ဆင်ဟွာ



မိုးခေါင်မှုဒဏ်ခံစားနေရသည့် ဆိုမာလီနိုင်ငံသားများကို တွေ့ရစဉ်။

◆ **ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီးရုံးသည် ဒုက္ခသည်နှင့် အခြေအနေအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာထွက်ပြေးကာ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၃ ဒသမ ၃ သန်းကို ကူညီရန်အတွက် အမေရိကန် ဒေါ်လာ ၁၃၇ သန်း ကူညီပေးသွားမည်ဖြစ်သည်။ အီသီယိုပီးယားနှင့် ဆိုမာလီနိုင်ငံတို့တွင် မိုးခေါင်မှုကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသူ ၁ ဒသမ ၇ သန်းရှိပြီး အများစုမှာ ပြီးခဲ့သည့်နှစ်ကတည်းက ထွက်ပြေးခဲ့ရသူများဖြစ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်းရှိ

### (၂၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၆၇,၀၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၈၀ | ၂၂၉၅ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၅ | ၂၂၃၅ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၁၅၀ | ၂၁၆၅ | ၂၁၉၅ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၇ | ၂၁၁၂ |
| 95 Ron | ၂၁၂၈ | ၂၂၀၄ |
| HSD (500 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (50 ppm) | ၂၀၈၃ | ၂၁၅၂ |
| HSD (10 ppm) | ၂၀၈၃ | ၂၁၅၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံ့ဝန်ထမ်းများအတွက် Metaphysics အမြင်

Executive-12

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေး ဦးတည်ချက် (၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄) ရပ် ချမှတ်ပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ် သတ်မှတ်ကာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။

ထိုကဲ့သို့ ကြိုးပမ်းတည်ဆောက်ရာတွင် အုပ်ချုပ်သူအစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပါသည်။ အုပ်ချုပ်သူအစိုးရသည် နိုင်ငံတော်၏ အနာဂတ်မျှော်မှန်းချက်(Vision)၊ ရည်မှန်းချက် (Mission) နှင့် ယင်းရည်မှန်းချက်များကို ပေါက်မြောက်အောင်မြင်စေမည့် မူဝါဒ(Policy)ကို ချမှတ်ပေးရသော အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ဖြင့် တည်ဆောက်ထားသော ယန္တရားတစ်ခုလုံးကို သက်ဝင်လည်ပတ် လှုပ်ရှားနိုင်စေရန်အတွက် အရေးကြီးသော ပင်မအစိတ်အပိုင်းများဖြစ်ကြသည်။

နိုင်ငံ့ဝန်ထမ်းများအား စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်စေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်စေရန်အတွက် အစိုးရက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ ဖွင့်လှစ်၍ လက်ရုံးရည်နှင့် နှလုံးရည်များ မြှင့်တင်ပျိုးထောင်ပေးလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအနီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် နိုင်ငံ့ဝန်ထမ်းများအား ပျိုးထောင်ပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၂) ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ မတ်လ ၃၁ ရက်အထိ ဖွင့်လှစ်လျက်ရှိရာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်တူ အရာရှိကြီး ၁၇ ဦး တက်ရောက်လျက်ရှိပါသည်။

သင်တန်းမှာ Student Center Learning System ဖြစ်ပါသည်။ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ လူမှုရေးအမြင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအမြင်များ စသည်ဖြင့် ကဏ္ဍစုံလင်စွာလေ့လာသင်ကြားရပါသည်။ တက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကထိကများ၏ သင်ကြားမှုများသာမက ဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးမှ အတွေ့အကြုံရင့်ကျက်ပြီး လက်တွေ့တာဝန်ထမ်းဆောင်နေသော အကြီးအမှူးများ၊ နယ်ပယ်အသီးသီးမှ ပြင်ပပညာရှင်များပါ လာရောက်သင်ကြားပို့ချပါသည်။ နယ်ပယ်ပေါင်းစုံမှ ပညာရှင်များ၏ အတွေ့အကြုံ၊ ပညာဗဟုသုတများက ပညာလိုလားသူများအတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလှပါသည်။

Executive Level များအတွက်ရှိရမည့်စွမ်းဆောင်ရည်များဖြစ်သော အနာဂတ် မျှော်မှန်းချက်၊ မဟာဗျူဟာမြောက် တွေးခေါ်မြော်မြင်မှု၊ ဝေဖန်ပိုင်းခြားခြင်းနှင့် ခွဲခြမ်းစိတ်ဖြာတွေးခေါ်ခြင်း၊ Financial Acumen ၊ အလုပ်နှင့်ပတ်သက်ပြီး အမြင်စူးရှမှု၊ အပြောင်းအလဲကို ဦးဆောင်နိုင်ခြင်း၊ Risk Management နှင့် Political Will များအား Level တစ်ဆင့်မြင့်တက်လာစေရန်အတွက် ဆင်ခြင်သုံးသပ်မှုများအား ရှုထောင့်ပေါင်းစုံ လေ့လာသင်ယူခဲ့ရပါသည်။

သင်ခန်းစာများတွင် အပြန်အလှန်ဆွေးနွေးမေးမြန်းခြင်း၊ Group ဖြင့် ဆွေးနွေးတင်ပြခြင်းနှင့် နယ်ပယ်အသီးသီးမှ အတွေ့အကြုံဗဟုသုတများကို ကောင်းစွာ ဖလှယ်နိုင်ခဲ့ကြပါသည်။ သင်တန်းသားများက ကိုယ်စီစာတမ်းများ ပြုစုခြင်း၊ Individual Presentationနှင့် Group Prasentation များ ဆောင်ရွက်ခဲ့ကြရပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းမှ နိုင်ငံ့ဝန်ထမ်းများအတွက် အရေးပါသော အယူအဆတစ်ခုကို ရေးသားတင်ပြလိုခြင်း ဖြစ်ပါသည်။

**အယူအဆတစ်ခု**

အယူအဆအသစ် တစ်ခုမဟုတ်သော်လည်း အနောက်နိုင်ငံများတွင် ခေတ်စားနေသည့် ပျော်ရွှင်ချမ်းမြေ့မှုကို အခြေခံ၍ စွမ်းဆောင်ရည်မြှင့်တင်ပေးသော Metaphysics အယူအဆ နည်းလမ်းများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ချိတ်ဆက်ထားခြင်း ဖြစ်ပါသည်။

**Metaphysics သဘောတရား**

အကြမ်းဖျင်းဆိုရသော် Metaphysics သည် Philosophy ၏ Branch တစ်ခုဖြစ်ပြီး ပရမတ္ထသဘာဝတရား၏ စစ်မှန်သောဖြစ်တည်မှုကို လေ့လာခြင်း၊ စိတ်နှင့်ရုပ်အကြား ဆက်နွယ်ပေါင်းကူးမှု၊ အာကာသနှင့် အချိန်၏ သဘောသဘာဝ၊ Energy ၏ သဘောသဘာဝကို လေ့လာသော ဘာသာရပ်ဖြစ်သည်ဟုဆိုသည်။ လူအပါအဝင် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးတို့သည် Energy ဖြင့် ဖွဲ့စည်းထားပြီး Energy နှင့် ဖွဲ့စည်းထားသော အရာမှန်သမျှ Vibration ရှိပြီး Vibration တိုင်းတွင် Frequency ရှိပါသည်။ လှုပ်ရှားမှုတစ်ခုကို စတင်ဆောင်ရွက်ရန် ဦးနှောက်က အမိန့်ပေးသည့်အခါ အာရုံကြောတစ်လျှောက် Electrical Energy စီးဆင်းသွားပြီးနောက် ကြွက်သားများအား လှုပ်ရှားစေရန်အတွက် Chemical energy အဖြစ် ပြောင်းလဲရပါသည်။ ၎င်း Chemical energy သည် အရိုးများကို လှုပ်ရှားစေရန်အတွက် Mechanical Energy အဖြစ်သို့ ပြောင်းလဲပေးရသည် စသည်ဖြင့် Metaphysics ၏ အရေးပါသော energy ၏ အခြေခံသဘောတရားများကို တင်ပြထားပါသည်။

**စကားလုံးများ၊ အသံများ၏ သက်ရောက်မှု**

လူတို့၏ လှုပ်ရှားမှုများသာမက စကားလုံးများ၊ အသံများ၊ အတွေးများ၊ ခံစားမှုများ အားလုံးသည် energy ဖြစ်ကြသည်။ ဂျပန်ပညာရှင် မာဆူရုအီမိုတို၏ ဆန်များအပေါ် စကားလုံးများ၏ သက်ရောက်မှု စမ်းသပ်ခြင်း၊ ရေခဲ Crystal များအပေါ် အသံများ၏ သက်ရောက်မှု စမ်းသပ်ခြင်းများက စကားလုံးများ၊ အသံများသည် ရုပ်ဝတ္ထုပစ္စည်းများ၏ Cell များအပေါ်တွင် သိသာထင်ရှားစွာ ပြောင်းလဲနိုင်ကြောင်း သက်သေပြခဲ့ခြင်းဖြစ်သည်။

**အတွေးများ၏ သက်ရောက်မှု**

အတွေးများတွင်လည်း Energy နှင့် Vibration ရှိကြသည်။ Imagination ဟူသည် မိမိတို့၏ ရယူပိုင်ဆိုင်လိုသော အရာပေါ်တွင် အမှန်တကယ်ဖြစ်နေသည်ဟု ယုံကြည်စွာ ပုံဖော်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မနောကံဖြစ်သည်။ မနောကံသည် ကံသုံးပါးတွင် အားအကြီးဆုံး ကံဖြစ်လေရာ အတွေးများက လူတစ်ယောက်၏ ဘဝဖြစ်စဉ်တွင် အရေးပါသည်။ Power of Imagination အား ချီကာဂိုတက္ကသိုလ်မှ Dr Biasiotto က စိတ်ဖြင့် ဘတ်စကက်ဘောလေ့ကျင့်ခြင်း၊ စိတ်ဖြင့်စက်ဘီးစီးခြင်း စသောလေ့ကျင့်ခန်းများဖြင့် သက်သေပြခဲ့ခြင်းဖြစ်သည်။ ထို့မျှမက ဂေါက်သီးလောက၏ ဆရာတစ်ဆူဖြစ်သော တိုက်ဂါးဝုဒ်သည်လည်း စိတ်ဖြင့် ဂေါက်သီးရိုက် လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ ဂေါက်တံ မျက်နှာပြင်နှင့် ဂေါက်သီးထိမိသော အခြေအနေ၊ ပြီးပြည့်စုံသော Swing နှင့် ရည်မှန်းချက်သို့ ဂေါက်သီးတိကျစွာ ကျရောက်မှုတို့အား စိတ်ဖြင့်ခံစားစေပြီး Visualization ဆောင်ရွက်ပြီးမှ လက်တွေ့ ဂေါက်သီးရိုက်ခြင်း ဖြစ်သည်။

တကယ်တော့ Metaphysics သည် ကျယ်ပြန့်နက်ရှိုင်းသော ပညာရပ် တစ်ခုဖြစ်သည်။ Affirmation အကြောင်း Reluxation ၏ အကျိုးကျေးဇူးများ၊ Positive thinking ၏ ရလဒ်များ၊ Negative Thinking ကြောင့် Cortisol ကဲ့သို့သော ဟော်မုန်းများ ထုတ်လွှတ်နိုင်ခြင်း၊ စိတ်စွမ်းအား၊ အတွေးများ၏စွမ်းအားများက ရုပ်ခန္ဓာအပေါ် သက်ရောက်နိုင်မှုများ၊ Meditation ကြောင့် Endorphins ခေါ် ဓာတ်တစ်မျိုးထွက်၍ Restorative Energy ရရှိနိုင်ပုံများ ပါဝင်ပါသည်။ Restorative Energy က မိမိကိုယ်ကို လေးစားမှုတိုးလာခြင်း၊ ခန္ဓာကိုယ်အတွင်း နာကျင်ကိုက်ခဲမှုများ ပျောက်ကင်းစေခြင်း၊ ပျော်ရွှင်ချမ်းမြေ့စေခြင်း၊ ပိုလျှံသော အလေးချိန်များကျဆင်းစေခြင်း စသော အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်ပါသည်။

**Metaphysics နှင့် ဝန်ထမ်းများ၏ Capacity အား ချိတ်ဆက်**

ပြောလိုသည်မှာ သင်တန်းသား၊ သင်တန်းသူများ၏ Group Presentation မှ တင်ပြခဲ့သော Metaphysics သဘောတရားများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးကို ချိတ်ဆက်ထားမှုပင် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် နေ့စဉ် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ကို ရွတ်ဆိုရသည်။ ၎င်းသစ္စာအဓိဋ္ဌာန်သည် ယုံကြည်ကိုးစားစွာ စိတ်နှစ်၍ Affirmation အသွင် ဆောင်ရွက်ပါက မိမိတို့ အဖွဲ့အစည်းအပေါ် ယုံကြည်ကိုးစားမှု၊ သစ္စာရှိမှု ခိုင်မာရင့်သန်လာမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

**အထက်အကြီးအကဲ၏ Leadership**

ဝန်ထမ်းများ ပျော်ရွှင်စွာဖြင့် လုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်ပြည့်ဝစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အထက်အကြီးအကဲ၏ ဦးဆောင်မှု၊ သွန်သင်မှု Energy အပြည့်ပါသော အားပေးကူညီမှု၊ မိဘသဖွယ် စိတ်ဓာတ်များကလည်း အရေးပါကြောင်း ဆိုသည်။

**ဒီမိုကရေစီစနစ်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲအုပ်ချုပ်ရေး**

ဒီမိုကရေစီခေတ်တွင် နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးဆိုင်ရာ သီအိုရီများ ပေါ်ထွက်ခဲ့သည်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ သီအိုရီသစ် (New Public Management-NPM)၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ ခေတ်သစ်သီအိုရီ(Modern Theory of Public Administration)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲအုပ်ချုပ်မှု အနာဂတ်သီအိုရီ(Post Modern Public Administration Theory)တို့ ဖြစ်ကြပါသည်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲ အုပ်ချုပ်မှုဆိုင်ရာ သီအိုရီသစ်ကို ၁၉၉၅ တွင် Charles Fax နှင့် Hugh Miller တို့က ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ သီအိုရီအရ ရှုပ်ထွေးသော ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် Metaphysics ပါ နည်းလမ်းများဖြင့် ချိတ်ဆက်အသုံးပြုနိုင်ကြောင်း ထောက်ပြထားခြင်းဖြစ်သည်။

**ကိုယ်ကျင့်တရား**

ကိုယ်ကျင့်တရားသည် ဒဿနိကဗေဒတွင် အကျုံးဝင်သောပညာရပ်ဖြစ်သည့် ဝန်ထမ်းတစ်ဦး၏ သိက္ခာနှင့် ကိုယ်ကျင့်တရားအတွက် စံထားရသည် ထေရဝါဒ ဗုဒ္ဓဝါဒကို အခြေခံထားသော ကျင့်ဝတ်များကိုလည်း လိုက်နာရမည်ဟု ညွှန်းဆိုထားသည်။ *စာမျက်နှာ ၁၇ သို့*

**❖ ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းများကို တန်ဖိုးထား အလေးအနက် ဆောင်ရွက်ခြင်း၊ ပြည်သူများအတွက် ဆောင်ရွက်ပေးရမည်ဟူသော ခံယူချက်ဖြင့် စိတ်ရောကိုယ်ပါ အားသွန်ကြိုးပမ်းခြင်း၊ အမှန်တကယ် အကျိုးပြု၍ ဖြစ်ထွန်းအောင်မြင်ရမည်ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းတို့အတွက် စေ့ဆော်ခြင်း(Motivation)၊ ကျွမ်းကျင်မှုပြည့်ဝခြင်း၊ တီထွင်ဖန်တီးတတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ခြင်း၊ စိတ်ခံစားမှု၊ ကိုယ်ချင်းစာစိတ်ရှိခြင်းတို့နှင့် ပြည့်စုံရပါမည်**

**❖ နိုင်ငံ့ဝန်ထမ်းများသည် နေ့စဉ်နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကို ရွတ်ဆိုရသည်။ ၎င်းသစ္စာအဓိဋ္ဌာန်သည် ယုံကြည်ကိုးစားစွာ စိတ်နှစ်၍ Affirmation အသွင်ဆောင်ရွက်ပါက မိမိတို့ အဖွဲ့အစည်းအပေါ် ယုံကြည်ကိုးစားမှု၊ သစ္စာရှိမှု ခိုင်မာရင့်သန်လာမည်ဖြစ်**



# ၂၀၂၃ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် မတ် ၂၈**

မွန်ပြည်နယ် ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ နာယကပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းက မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကို မပျောက်မပျက်စေရေး အစဉ်အလာ ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် ဖျော်ဖြေ ရေးအကမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာ မဏ္ဍပ်များဖြင့် ပြည်သူများ ပျော်ရွှင်စိတ် အေးချမ်းသာယာစွာရေ ကစားနိုင်စေရေးဆောင်ရွက်စေလိုကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က မဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြမှုအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ရေကြည်မြို့နယ် အားကစားရုံဖွင့်ပွဲနှင့် နွေရာသီဖိတ်ခေါ်ဖလား အားကစားပြိုင်ပွဲများ ဖွင့်ပွဲ ကျင်းပ

**ပုသိမ် မတ် ၂၈**

(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် အားကစားရုံဖွင့်ပွဲနှင့် နွေရာသီဖိတ်ခေါ်ဖလား အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပြည်သူ့အားကစားဝင်း၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** အားကစားရုံ ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နွေရာသီဖိတ်ခေါ်ဖလား အားကစားပြိုင်ပွဲများ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး သရုပ်ပြဖျော်ဖြေရေးအဖွဲ့များ၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် (၇၈) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ပုသိမ်-မုံရွာလမ်းနှင့် ဆက်သွယ်သော ညောင်ငူအုပ်စုရှိ အညာတန်း- ရုပ်သေးကုန်း - ညောင်ငူရွာသို့ ဆက်သွယ်သော ကွန်ကရစ်လမ်းကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းသည် ရေကြည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သောလမ်းဖြစ်ပြီး လမ်းအရှည် ၀/၆.၀၆ မိုင်၊ ပေ ၄၀၀၀၊ အကျယ်၁၂ ပေရှိပြီး ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၃၄၃ အိမ်မှ လူဦးရေ ၁၂၉၂ ဦးအား သွားလာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သနပ်ပွင်ဆိပ်(ရှေ့)ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဟင်္သာတအတွင်း ပတ္တမြားစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိမဏ္ဍိုင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေဒါးပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြစေတီစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇေတဝန်မြို့ဦးကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သစ္စာတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

**Metaphysics အယူအဆများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ချိတ်ဆက်အသုံးပြု**

ဝန်ထမ်းများသည် မိမိတို့၏လုပ်ငန်းများကို တန်ဖိုးထား အလေးအနက် ဆောင်ရွက်ခြင်း၊ ပြည်သူများအတွက် ဆောင်ရွက်ပေးရမည်ဟူသော ခံယူချက်ဖြင့် စိတ်ရောကိုယ်ပါ အားသွန်ကြိုးပမ်းခြင်း၊ အမှန်တကယ် အကျိုးပြု၍ ဖြစ်ထွန်းအောင်မြင်ရမည်ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းတို့အတွက် စေ့ဆော်ခြင်း(Motivation)၊ ကျွမ်းကျင်မှုပြည့်ဝခြင်း၊ တီထွင်ဖန်တီးတတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ခြင်း၊ စိတ်ခံစားမှု၊ ကိုယ်ချင်းစာစိတ်ရှိခြင်းတို့နှင့် ပြည့်စုံရပါမည်။ ထိုသို့ ပြည့်စုံရန်အတွက် Metaphysics အယူအဆများဖြစ်သော Energy၊ Positive Thinking၊ Power of Imagination၊ Affirmation၊ Reluxation နှင့် Meditation ကအစ ထိုက်သင့်သလို အသုံးပြု၍ အောင်မြင်နိုင်ကြောင်း ချဉ်းကပ်မှုတစ်ခုဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများ ကြုံတွေ့ရသော အခက်အခဲများတွင် လက်အောက်ငယ်သားတချို့၏ တစ်ကိုယ်ကောင်းဆန်မှု၊ ပူးပေါင်းဆောင်ရွက်ရန် မလိုလားမှု၊ အာဏာဖီဆန်မှု၊ ခုခံချေပ ပြောဆိုတတ်မှုတို့ ပါဝင်သည်။ ထိုသို့ ဝန်ထမ်းများနှင့် ဆက်ဆံဆောင်ရွက်သည့်အခါ မည်ကဲ့သို့တွန်းအားပေး၍ ဆွဲဆောင်စည်းရုံးမည်နည်း။ Energetic Field ၏ သဘောတရားများကို နားလည်ထားရမည်။ ရိုးသားမှုသည် အမှန်တရားကို ပြောဆိုခြင်းဖြစ်ပြီး ဖြောင့်မတ်တည်ကြည်ခြင်းသည် မိမိတို့ပြောဆိုသည့် စကားလုံးများနှင့် အမှန်တရား ညီညွတ်မျှတခြင်းဖြစ်သည်။ အထက်လူကြီးက ငါပြောတဲ့အတိုင်းလုပ်ဆိုသော ကြီးကြပ်ကွပ်ကဲခြင်းသည် သူနိုင် – ကိုယ်ရှုံးစနစ်ဖြစ်သည်။ သူနိုင် – ကိုယ်နိုင် လုပ်ဆောင်ရန် သဘောတူညီချက်ကို ဖန်တီးနိုင်ခြင်းသည် မိမိတို့စီမံခန့်ခွဲမှု၏ ပင်မလုပ်ရပ်ဖြစ်သည်။ ဝန်ထမ်းများ ပြည့်စုံရန်လိုအပ်သော Skills များသည် Positive Thinking မှ ပေါက်ဖွားလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ယောနိသော မနသိကာရ ဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများ၏ Capacity**

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လိုအပ်ချက်ဖြစ်သည်။ အမျိုးသားအကျိုးစီးပွားကား နိုင်ငံ့စွမ်းအားဖြင့် အကောင်အထည်ဖော်ကြရပါသည်။ နိုင်ငံ့စွမ်းအားသည် မိမိတို့နိုင်ငံ၏ ပြည်တွင်း၊ ပြည်ပ မူဝါဒများအား အကောင်အထည်ဖော်နိုင်သော စွမ်းဆောင်ရည်ဖြစ်သည်။ နိုင်ငံ့စွမ်းအားတွင် Soft Power၊ Hard Power နှင့် Smart Power တို့ပါဝင်သည်။

မူဝါဒများအား အကောင်အထည်ဖော်ပေးရသော ဝန်ထမ်းများ၏ Capacity မြှင့်မားရေးသည် နိုင်ငံ့စွမ်းအားအတွက် အသက်တမျှ အရေးပါခြင်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အထောက်အကူပြုနေသော Metaphysics အမြင်နှင့် နည်းလမ်းများကို အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၂)မှ သင်တန်းသား၊ သင်တန်းသူများက ဖော်ထုတ်ထောက်ပြခဲ့သော အယူအဆဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒများနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ သင်တန်းကာလအတွင်း ပါမောက္ခချုပ်အပါအဝင် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ/ ဆရာမများ၏ စေတနာထက်သန်စွာ သင်ကြားပို့ချမှုကြောင့် သင်တန်းသား/ သင်တန်းသူများ၏ ဆန်းသစ်သော အတွေးအခေါ်၊ တီထွင်ဖန်တီးနိုင်စွမ်းသော အယူအဆများကို ဆင်ခြင်ဖော်ထုတ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ချမ်းမြေ့စွာ တာဝန်ထမ်းဆောင်နိုင်ရန်၊ စွမ်းဆောင်ရည်မြှင့်မားစေရန်နှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အရေးပါသော စံတန်ဖိုးများ ပြည့်မီစေရေး၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးလှုံ့ဆော်မှု (Motivation) များအတွက် Metaphysics ပါ အယူအဆများနှင့် နည်းလမ်းများသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၂) သင်တန်းသား သင်တန်းသူများ၏ ပူးပေါင်းဆောင်ရွက်မှု ဉာဏ်စွမ်းများဖြင့် ပြုစုတင်ပြသော အယူအဆတစ်ရပ်အား နိုင်ငံ့ဝန်ထမ်းများအတွက် လက်တွေ့ ကျင့်ကြံနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ပါသည်။ ။

# သတိပြုဖွယ် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့အန္တရာယ်

**သီဟစည်သူ**

**အာဆီယံဒေသတွင်း သစ်ဆွေးမြေ ဧရိယာများစွာ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံ အပါအဝင် မဲခေါင်ဒေသခွဲ ငါးနိုင်ငံတွင်နှစ်စဉ်ဖေဖော်ဝါရီလမှ ဇွန်လအထိ ခြောက်သွေ့ရာသီဖြစ်သည့်အလျောက် မီးလောင်မှုအကြိမ်ရေ အများဆုံးဖြစ်ပေါ်လေ့ရှိသည့် အချိန်ကာလပင် ဖြစ်သည်။**

ပွင့်လင်းရာသီဖြစ်သည့် ယခုကာလအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ ဖြစ်ပေါ်မှု ပိုမိုမြင့်မားလာပြီး ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံနယ်စပ် တာချီလိတ်မြို့နယ်၊ ထိုင်းနိုင်ငံမယ်ဆိုင်၊ မယ်ဟောင်ဆောင်နှင့် ချင်းရိုင်မြို့တို့တွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှု ဆိုးရွားစွာ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

**လေထုညစ်ညမ်းမှုဆိုးရွားစွာ ဖြစ်ပေါ်နေ**

တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ မတ် ၂၆ ရက်နှင့် ၂၇ ရက် အကြား ၂၄ နာရီလေထုအရည်အသွေးတိုင်းတာမှုရလဒ်များအရ ယင်းမြို့နယ်ဝန်းကျင် လေထုအရည်အသွေးမှာ PM 10 အမှုန်အမွှားပါဝင်မှု နီညိုရောင်အဆင့်ရှိသဖြင့် လူတိုင်းအတွက် ကျန်းမာရေး ထိခိုက်မှုအန္တရာယ်ရှိပြီး အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ၊ နှလုံးရောဂါရှိသူများအနေဖြင့် မလိုအပ်ဘဲ အပြင်မထွက်ရန်နှင့် မဖြစ်မနေအပြင်ထွက်မည်ဆိုပါက နှာခေါင်းစည်းများသေချာ ဝတ်ဆင်ရန် သတိပေးထားသည်ကို တွေ့ရှိရသည်။ ထို့အတူ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ထိုင်းနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်များတွင် ၂၀၂၃ ခုနှစ် ပထမနှစ်လကျော်ကာလအတွင်း လေထု ညစ်ညမ်းမှုနှင့် ဆက်နွယ်သည့် မမာမကျန်းမှုဝေဒနာ ခံစားရသူပေါင်း ၁ ဒသမ ၃၂ သန်းကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

အာဆီယံဒေသတွင်းနှင့် မြန်မာနိုင်ငံ အပါအဝင် မဲခေါင်ဒေသတွင်းနိုင်ငံများတွင် ပွင့်လင်းရာသီရောက်တိုင်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ပြဿနာကို နှစ်စဉ်ရင်ဆိုင်ရလေ့ရှိပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများပါ ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ်လည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နွေရာသီကာလ ခြောက်သွေ့ရာသီရောက်တိုင်း တောင်ယာမီး၊ ရှို့မီး၊ ပေါ့ဆမီး၊ သဘာဝအလျောက် လောင်ကျွမ်းသည့် တောမီးအပါအဝင် မြန်မာနိုင်ငံအတွင်း မီးလောင်မှုများစွာ ဖြစ်ပေါ်လေ့ရှိပြီး နှစ်စဉ် ငွေကျပ်သန်းပေါင်း များစွာဆုံးရှုံးမှုနှင့်အတူ မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများလည်း ဖြစ်ပေါ်လေ့ရှိသည်။

**မီးလောင်မှုများကြောင့် ဆုံးရှုံးနစ်နာမှုများ**

မြန်မာနိုင်ငံတစ်ဝန်း နေပြည်တော် အပါအဝင် တိုင်းဒေသကြီး ပြည်နယ်များ၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မီးလောင်မှု ၁၅၀၇ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ငွေကျပ် ၆၇၆၅ သန်းကျော် ဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရှိရသည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီး ပြည်နယ်များ၌ ၂၀၂၂ ခုနှစ်အတွင်း မီးလောင်မှုဖြစ်စဉ်များအနက် မီးဖိုမီးမှ အကြိမ်ရေ ၂၃၀၊ ပေါ့ဆမီးမှ ၄၂၈ ကြိမ်၊ အလိုအလျောက် မီးလောင်မှု ၂၁ ကြိမ်၊ လျှပ်စစ်မီးမှ ၄၆၁ ကြိမ်၊ မသမာသူရှို့မီး ၂၁၉ ကြိမ်၊ တောမီးလောင်ကျွမ်းမှု ၄၄ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၉၇ ကြိမ်၊ မိုးကြိုးပစ်မှုကြောင့် ခုနစ်ကြိမ် စုစုပေါင်း ၁၅၀၇ ကြိမ် မီးလောင်မှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါ မီးလောင်မှုများကြောင့် အဆောက်အအုံ ၃၅၈၀၊ စက်ရုံအလုပ်ရုံ ရှစ်ခု၊ ဂိုဒေါင် ၂၉၆ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး လူ ၉၆ ဦး သေဆုံး ၁၃၉ ဦးဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် မီးလောင်မှုဖြစ်စဉ်များကြောင့် မီးဘေးသင့်ပြည်သူ ၈၉၀၉ ဦးနှင့် တိရစ္ဆာန် ၈၂၃၉ ကောင်တို့ မီးဘေးသင့်ခဲ့ကာ ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၆၅ ဒသမ ၂၄ သန်း ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။




တာချီလိတ်မြို့နယ်အတွင်း လေထုညစ်ညမ်းမှု ဆိုးရွားစွာ ဖြစ်ပေါ်နေမှုကြောင့် မီးသတ်ဦးစီးဌာနမှ ရေများပက်ဖျန်းပေးနေစဉ်။

**အာဆီယံဒေသတွင်းနှင့် မြန်မာနိုင်ငံ အပါအဝင် မဲခေါင်ဒေသတွင်း နိုင်ငံများတွင် ပွင့်လင်းရာသီရောက်တိုင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ပြဿနာကို နှစ်စဉ် ရင်ဆိုင်ရလေ့ရှိပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများပါ ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ် လည်းဖြစ်**

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မီးလောင်မှုအနေဖြင့် ကချင်ပြည်နယ်တွင် အကြိမ် ၆၀၊ ကယားပြည်နယ်တွင် ခြောက်ကြိမ်၊ ကရင်ပြည်နယ်တွင် ၃၇ ကြိမ်၊ ချင်းပြည်နယ်တွင် ၁၈ ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၆ ကြိမ်၊ နေပြည်တော်တွင် ၃၂ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၀၆ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၉၄ ကြိမ်၊ မွန်ပြည်နယ်တွင် အကြိမ် ၉၀၊ ရခိုင်ပြည်နယ်တွင် ၇၃ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၄၄ ကြိမ်၊ ရှမ်းပြည်နယ်တွင် ၁၆၂ ကြိမ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁၉ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ၁၆၅ ကြိမ်စီ အပါအဝင် မီးလောင်မှုစုစုပေါင်း ၁၅၀၇ ကြိမ် လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်စဉ်အရေအတွက်ကို နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ပြည့်နှစ်တွင် ၂၁၃၉ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ခန့်မှန်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၆၆၄၀ ဒသမ ၀၇ သန်းခန့်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မီးလောင်မှု ၂၁၀၇ ကြိမ်၊ ခန့်မှန်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၃၉၄၁ ဒသမ ၃၀ သန်းနှင့် ၂၀၂၂ ခုနှစ်တွင် မီးလောင်မှု ၁၅၀၇ ကြိမ်၊ ခန့်မှန်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၆၇၆၅ ဒသမ ၂၄ သန်းရှိခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၏ သတင်းအချက်အလက်များအရ သိရသည်။

၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ် မတ်လအထိ အာဆီယံရာသီဥတု စောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specia-lised Meteorological Center– ASMC)၏ မီးလောင်မှုအရေအတွက် လေ့လာစောင့်ကြည့်မှုဆိုင်ရာ သတင်းအချက်လက်များအရ ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံအနက် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် မီးလောင်မှုအရေအတွက် (Fire Hospot) အများဆုံး သုံးနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်အတွင်း မီးလောင်ကွက်အရေအတွက် ၂၉၆၉၃ ခုရှိကြောင်း လေ့လာသိရှိရသည်။




အာဆီယံရာသီဥတုစောင့်ကြည့်လေ့လာရေးဗဟိုဌာန၏ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ မီးလောင်မှုအခြေပြပုံ။

**ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခု**

ထိုသို့ မီးလောင်မှုများသည် အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ ဆုံးရှုံးသည်သာမက ကမ္ဘာ့ကြီး၏ ကျန်းမာရေး၊ လူသားများ၏ ကျန်းမာရေးတို့အတွက် များစွာထိခိုက်မှုဖြစ်ပေါ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပိုမိုများပြားလာခြင်း၊ ယင်းမှတစ်ဆင့် ကမ္ဘာ့ကြီးပိုမိုပူနွေးလာစေပြီး ရာသီဥတုများကမောက်ကမဖြစ်ကာ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများကိုပါ သွယ်ဝိုက်ထိခိုက်စေခြင်းတို့ကိုပါ ဖြစ်ပေါ်စေလျက်ရှိသဖြင့် တစ်ကမ္ဘာလုံးအတွက်ပါ အန္တရာယ်ရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည်။ မီးခိုးမြူငွေ့များသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပြီး လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ ကျန်းမာရေးထိခိုက်မှုအနေဖြင့် မျက်စိစပ်ခြင်း၊ ယားယံခြင်း၊ ချောင်းဆိုးခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ အဆုတ်ရောင်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်းတို့အပြင် အရိုးပျော့ရောဂါ ဖြစ်ပွားခြင်း၊ အရွယ်မတိုင်မီ သေဆုံးခြင်း၊ မွေးကင်းစကလေး ပေါင်ချိန်မပြည့်ခြင်းနှင့် ကလေးအဖတ်မတင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများမှာ သာမန်လူများထက် ပို၍ မီးခိုးမြူငွေ့ ညစ်ညမ်းမှု၏ ဆိုးကျိုးများကို ခံစားကြရမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၀၂ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည့် အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution)အရ မီးခိုးမြူငွေ့ပြဿနာသည် အရေးတကြီး ပူးပေါင်းဖြေရှင်းရမည့် ဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း ထိုင်း၊ မြန်မာနယ်စပ်မြို့များရှိ လေထုညစ်ညမ်းမှုဖြစ်စဉ်များက မီးမောင်းထိုးပြသလျက်ရှိပေသည်။

**ကိုးကား –**

(၁) http://asmc.asean.org/asmc-haze-hotspot-annual-new#Hotspot
(၂) တာချီလိတ်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များ။
(၃) Thailand's northern provinces report unsafe levels of air pollution

## သီပေါမြို့၌ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်

**သီပေါ မတ် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အနေဖြင့် မြို့သန့်ရှင်းသာယာလှပရေးနှင့် သွားလာမှုလွယ်ကူစေရေး အတွက် မြို့တွင်းလမ်းများကို တစ်လမ်းပြီးတစ်လမ်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ဖြည့်စွက် ရန်ပုံငွေ ၁၆ ဒသမ ၆၆ သန်းဖြင့် ဆောင်ရွက်သော ရွှေကျောင်းရပ်ကွက် သစ္စာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းသားတိုးချဲ့ခင်းခြင်း အရှည်ပေ ၈၆၀၊ အကျယ် ၁၈ ပေရှိ လမ်းကို မြို့နယ်စည်ပင်သာယာရေး ဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည် ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယနေ့ပြီးမြောက်ပြီဖြစ်ရာ မြို့ပြနှင့် ကျေးလက် ဒေသအပြင် ပတ်ဝန်းကျင်မြို့နယ်များသို့ ဒေသကုန်စည်များကို လွယ်ကူစွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ **စိုင်း(သီပေါ)**



## ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ ယာယီခိုလှုံရာစခန်းများရှိ ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုဝင်များ ၎င်းတို့၏ မူလနေရပ်ဒေသများ၌ ပြန်လည်နေထိုင်



**နေပြည်တော် မတ် ၂၈**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ ယာယီခိုလှုံရာ စခန်း များဖြစ်သော အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနစခန်း၊ ပျံကျစခန်း၊ စည်ပင်စခန်း၊ မြို့ပိုင်ကုန်းစခန်း များနှင့် ဆွေမျိုးများ၏ နေအိမ် များတွင် ခေတ္တခိုလှုံနေထိုင်လျက် ရှိသည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင် ၃၆၃ စုမှ မိသားစုဝင် လူဦးရေ ၁၅၀၄ ဦးတို့ သည် ယနေ့တွင် ၎င်းတို့၏ သဘောဆန္ဒအရ မူလနေရပ်ဒေသ များဖြစ်သော ပလက်ဝမြို့နယ် အတွင်း ကျေးရွာများသို့ ပြန်လည် နေထိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်ချင်းပြည်နယ်အစိုးရ အဖွဲ့နှင့် တပ်မတော်တို့မှ ၎င်းတို့ ၏မူလနေရပ်ဒေသများသို့ပြန်လည် နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့၏ အိမ်သုံးပစ္စည်းများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက မော်တော်ယာဉ်များ၊ စက်လှေများ ပေါ်သို့ ကူညီသယ်ယူပို့ဆောင် ပေးကြသည်။

ဆမီးမြို့ရှိ ယာယီခိုလှုံရာ စခန်းများတွင် ခေတ္တခိုလှုံနေထိုင် လျက်ရှိသော ယာယီတိုက်ပွဲရှောင် ဒေသခံ အိမ်ထောင်စုဝင်များ အားလုံးသည် ၎င်းတို့၏ နေရပ် ဒေသများသို့ ပြန်လည်နေထိုင် ကြပြီးဖြစ်သဖြင့် အဆိုပါယာယီ ခိုလှုံရာစခန်းများအား ပိတ်သိမ်း ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက် တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှု ကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင် ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်း များ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည် တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာနေ သူများဖြစ်ကြသည့် သန့်ဇင်ဦးနှင့် စန်းသီတာလွင်တို့သည် ၎င်းတို့ အသုံးပြုသည့် “Thant Zin Oo” Facebook အကောင့်၊ “San Thidar Lwin” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ နယ် ဟုမ္မလင်းရပ်ကွက်နေ သန့်စင်ထွန်းသည် ၎င်းအသုံးပြုသည့် “Thant Sin Htun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျွဲတောအင်းကျေးရွာနေ ဟိန်းစည်သူရှိန် (ခ) စည်သူ (ခ) စည်သူရှိန်သည် ၎င်းအသုံးပြုသည့် “Sithu Shein” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆားလင်းကုန်း ကျေးရွာနေသူများဖြစ်ကြသည့် မောင်မောင်ဖြိုးနှင့် ဝေလင်းထွန်း (ခ) Fire တို့သည် ၎င်းတို့အသုံးပြုသည့် “Mg Mg Phyo” Facebook အကောင့်၊ “Wai Linn Htun” Facebook အကောင့်နှင့် အောင်လံမြို့နယ် ဘင်ဟုန်ကျေးရွာနေ ဖိုးတဆစ် (ခ) ဖိုးဇော်သည် ၎င်းအသုံးပြုသည့် “Phoe Zaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက် ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဘိုမြို့ရှိ အဝေးပြေးကားဝင်းအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် (၆) ရပ်ကွက်ရှိ ကားကြီးဝင်းအနီး၌ ယနေ့နံနက် ၉ နာရီခွဲ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ကားကြီးဝင်းအနီး လမ်းမ ပေါ်တွင် လှုပ်ရှားသွားလာလျက်ရှိသည့် အပြစ်မဲ့ ပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ရပြီး အသက် လေးနှစ်အရွယ်နှင့် အသက် ၁၁ နှစ်အရွယ် ကလေး ငယ် နှစ်ဦး အပါအဝင် အမျိုးသား ၁၀ ဦး၊ အမျိုး သမီး ရှစ်ဦး စုစုပေါင်း ၁၈ ဦး မိုင်းစထိမှန် ဒဏ်ရာ များ ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

ထိုသို့ ဆေးကုသပေးနေမှုများကို ရွှေဘို တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲ ခဲ့သူများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**



ဦးဝင်းငွေ (သေဆုံး)



ကျော်ဝင်းနိုင် (ဒဏ်ရာရ)



ဒေါ်မာမာဝင်း (ဒဏ်ရာရ)



ဇွန်ဦးမောင် (ဒဏ်ရာရ)

## ရွှေးဟောင်းသမိုင်းဝင် သိမ်တော်ဦးကန်တော်မင်္ဂလာ ပြန်လည်တူးဖော်

ပဲခူး မတ် ၂၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပဲခူးမြို့ ရွှေသာလျောင်းလမ်းမတန်း ကလျာဏီရပ်ကွက် မဟာကလျာဏီသိမ်တော်ကြီးဝင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် သိမ်တော်ဦးကန်တော်မင်္ဂလာ ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိမ်တော်ဦးကန်တော်မင်္ဂလာ ပြန်လည်တူးဖော်ရာတွင် အလျားပေ ၂၃၀၊ အနံပေ ၁၀၀၊ အနက် ၁၁ ပေရှိ ကန်အလယ်တွင် တံတားတစ်စင်း (အရှည်ပေ ၁၀၀ ကျော်၊ အကျယ်ငါးပေရှိတံတား) အလယ်တွင် ပေ ၂၀ ပတ်လည်ရှိသည့် နဂါးရုံဘုရား တည်ထားမည်ဖြစ်ပြီး ကန်ပတ်လည်တွင် ကျောက်ကြီးစီခြင်း၊ အုတ်ခင်းခြင်း၊ ကန်ပေါင်လျှောက်လမ်းများ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဆရာ/ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေးဆွေးနွေးမှုအစီအစဉ်များ ကျင်းပ

နေပြည်တော် မတ် ၂၈



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ ဆရာမများ မွမ်းမံသင်တန်းများတွင် အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ယနေ့တွင် ကော်မရှင်(ရုံးခွဲ)များမှ အရာထမ်းများက ကရင်ပြည်နယ် ဘားအံမြို့ရှိ အထက (၁) တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ အထက(၁)၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အထက (၁၂) တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အထက (၂) နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အထက (၁) တို့၌ လည်းကောင်း အသိပညာပေးဆောင်ရွက်ခဲ့ပြီး ဆရာ ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပါရီအိုလံပစ်ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေ

ရန်ကုန် မတ် ၂၈

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလဆန်းတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ ပါရီအိုလံပစ် ခြေစစ်ပွဲ ပထမအဆင့်အတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ် သွားရောက်ခဲ့သည့် ကစားသမား ၂၄ ဦး၊ ထိုင်းအမျိုးသမီးကလပ်တွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း၊ ဒဏ်ရာကြောင့် တရုတ်ခြေစမ်းခရီးစဉ် မလိုက်ပါနိုင်သည့် နောက်ခံလူ ခင်သန်းဝေ အပါအဝင် စုစုပေါင်း ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲအတွက် အပြီးသတ်လေ့ကျင့်ပြင်ဆင်ရန် မတ် ၁၄ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ ကူမင်းမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားရာ တစ်ပွဲနိုင်၊ နှစ်ပွဲ သရေကျခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ်မှ မတ် ၂၄ ရက်တွင် ပြန်လည်ရောက်ရှိလာပြီး မတ် ၂၅ ရက်မှ စတင်ကာ လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်** – ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြများ အဖြစ် – ဒေါ်စန်းစန်းမော်၊ ဦးစထက်နိုင်ဝင်း၊ **ဂိုးနည်းပြ** – ဦးယဉ်မင်းအောင်၊ ပဏာမကစားသမားများအဖြစ် **ဂိုးသမား**– မေဇင်နွယ်၊ ဖူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း** – မိုးမမစိုး၊ ဇွန်ယုယဦး၊ မေသက်မွန်မြင့်၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ အိအိကျော်၊ ခင်သန်းဝေ၊ **အလယ်တန်း** – ခင်မာလာထွန်း၊ နန့်မေသဇင်၊ ခင်မိုမိုထွန်း၊ ရူပါခိုင်၊ မေစပါယ်ဖူး၊ ပုံပုံပြည့်မောင်၊ လင်းမြင့်မိုရ်၊ နော်ထက်ထက်ဝေ၊ ဝေဖူးအိမ်၊ **ရှေ့တန်း** – ဝင်းသိင်္ဂီထွန်း၊ ဆုပြည့်ပြည့်ကျော်၊ မြတ်နိုးခင်၊ စန်းသော်သော်၊ ဂျူလိုင်ကျော်နှင့် ရွှေရီထွန်းတို့ ပါဝင်ကြသည်။ ပါရီအိုလံပစ်ခြေစစ်ပွဲအတွက် အပြီးသတ်ကစားသမား ၂၂ ဦး ရွေးချယ်ရမည်ဖြစ်သောကြောင့် မြန်မာအမျိုးသမီးအသင်းသည် ကစားသမားလေးဦး လျှော့ချရမည်ဖြစ်သည်။



မြန်မာအမျိုးသမီး အသင်းသည် ပါရီအိုလံပစ်ခြေစစ်ပွဲတွင် အုပ်စု (ခ) ၌ ကျရောက်နေပြီး ယင်းပွဲစဉ်များကို ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်အသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၅ ရက်တွင် မော်လ်ဒိုက်အသင်း၊ ဧပြီ ၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ ဧပြီ ၁၁ ရက်တွင် အီရန်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/9333, Toyota Landcruiser HDJ101 S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းလွမ် ၁၃/ကခန(နိုင်)၀၅၄၅၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေကွက်အမှတ်၊ ပ-၂၄၁၁ ပေ(၈၀ X ၆၀)အကျယ်ရှိ အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်မင်းထွန်း ၁၂/ပဇတ(နိုင်)၀၃၀၇၁၇ ထံမှ ကျွန်မ ဒေါ်မြသန္တာ ၈/မဘန(နိုင်)၀၇၁၄၈၀ က အပြီးအပြတ်ဝယ်ယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မ ဒေါ်မြသန္တာထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြသန္တာ
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်
ဖုန်း ၀၉-၆၉၄၃၃၃၃၉၁

**စာအုပ်စာပေ လှူမိတ်ဆွေ**

## အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း စတင်ပြင်ဆင်

ရန်ကုန် မတ် ၂၈

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၃ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိပြီး တောင်ကြီးမြို့၌ လေ့ကျင့်လျက်ရှိသည်။

အာဆီယံ ဖူဆယ်ပြိုင်ပွဲကို အောက်တိုဘာမှ ကျင်းပမည်ဖြစ်သော်လည်း ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့အပြီး ခေတ္တရပ်နားသည့်ကာလတွင် ကာလတို လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပဏာမကစားသမား ၂၄ ဦး ရွေးချယ်ကာ မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ တောင်ကြီးမြို့၌ စခန်းဝင် လေ့ကျင့်နေသည်။ (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း မပါဝင်သော်လည်း အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ ပဏာမလူစာရင်းတွင် ကစားသမားသစ်အများစုပါဝင်သည်။

ဖူဆယ်အသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာရဲမွန်ထွဋ်၊ အုပ်ချုပ်သူအဖြစ် ဦးရဲဝင်းထွန်း၊ နည်းပြချုပ်အဖြစ် ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးဌေးမြင့်၊ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြအဖြစ် ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ်တာဝမ် (ထိုင်း)၊ ကစားသမားများအဖြစ် **ဂိုးသမား** – ကျော်ထက်အောင်၊ ညီညီသန့် (MIU)၊ ဇွဲပြည့်စုံ (VUC)၊ ဝေလင်းဖြိုး (MFF ယူ–၁၈)၊ **ကစားသမား** – ရှိုင်းထက်အောင်၊ အောင်ကျော်ဖြိုး၊ သူရထွန်း (ဖူဆယ်ချစ်သူ)၊ မင်းချစ်သူ၊ ဇော်လင်းထက်၊ ထွန်းမင်းလှိုင်၊ နှင်းသာ (MFF ယူ–၁၈)၊ ဝေဇင်ဦး၊ မျိုးမြင့်စိုး၊ ထွဋ်ဝေထွန်း၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ (VUC)၊ ပြည့်စုံအောင်၊ ဇော်ဖြိုးဦး (Generations)၊ မျိုးသက်အောင်၊ ကိုကိုလွင်၊ လှိုင်မင်းထွန်း (MIU)၊ ညီညီစိုး၊ ဟိန်းထက်အောင် (DreanTeam) တို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက ရေဝေ Grade-7 မှ မောင်အောင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း ၁၄/ဝခမ(နိုင်)၂၄၆၂၈၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မိုင်းဆတ်မြို့နယ်၊ မယ်ဆွမ် မြောက်ရပ်ကွက်နေ ဦးစိုးဝေထက်၏ သမီး အထက မိုင်းဆတ် Grade-3မှ မနန်းမိုခမ်း၏ မွေးသက္ကရာဇ်အမှန်မှာ (၂၄-၁၁-၂၀၁၁)ဖြစ်ပါကြောင်း။

**မနန်းမိုခမ်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်(၁၂၇)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း (အလျား ၂၅' x အနံ ၅၀')၊ မြေပိုစတုရန်းပေ ၁၀၀ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၁၃' x အနံ ၅၀')(ခေါင်းရင်းခြမ်း)ရှိ ဦးကျော်ခင်၊ ဦးအုန်းမောင် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမန့်ဂျိ ၁၂/ပဘတ(နိုင်) ဝ၂၅၂၈၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစည်သူကျော် က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းမြတ်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၃)**
**ဖုန်း-၀၉-၂၅၀၁၆၈၀၇၈**

**ဦးဝင်းတင်အမှတ် (၁၀၁၂)၊ (၄၃) ရပ်ကွက်၊ ဗိုးချောဇာလမ်းသွယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့နှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်၊ ဘုမ္မာ (၁)လမ်း၊ အမှတ် (၅၆၃)၊ (၁)လမ်းနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာခင် ထံမှ ငွေကျပ် (၁၅၂)သိန်းကို (၁၄-၃-၂၀၂၃) နေ့က သက်သေများရှေ့မှောက်တွင် ဦးဝင်းတင်ကိုယ်တိုင် ရေတွက်လက်ခံခဲ့ပြီးဖြစ်၍ နောက်နောင် ကျွန်ုပ်၏မိတ်ဆွေနေထိုင်ရာ နေအိမ်သို့ လာရောက်ပြီး ပတ်ဝန်းကျင်၌ ဂုဏ်သိက္ခာ ကျဆင်းအောင်နှင့်အသရေဖျက်စေသည့် ပြုမူပြောဆိုသည့် မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးဝင်းတင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးကျော်ထွန်း**
**(B.A (Law) ; LL.B)**
တရားလွှတ်တော်ရှေ့နေ (၆၉၀၅/၂၀၀၁)
အမှတ် (၅၆၄)၊ ပ-ထပ်၊ ၆-လမ်း၊ (၁) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၁၁၁၅၂၅

## လူပျောက်ကြော်ငြာ



ပုသိမ်မြို့၊ ရွှေစေတီလမ်းနေ ကျွန်တော်ကိုမျိုးထက်ကျော် ၁၄/ပသန(နိုင်) ၁၈၂၆၂၅ ၏ ဇနီးဖြစ်သူ မပပစိုး ၁၄/ကကထ(နိုင်) ၁၆၀၁၂၆၊ သား နှစ်ယောက် မိခင်သည် ကျွန်တော် နှင့်အတူ ရှိနေရာက ဆံပင်ညှပ်ဆိုင်သွားရန်ဟုဆိုပြီး ၁၂-၃-၂၀၂၃ ရက် နံနက် ၉ နာရီခန့် က နေအိမ်ကထွက်သွားရာ ယနေ့အထိ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် ဖော်ပြပါဓာတ်ပုံရှင်အား တွေ့ရှိသူများသည် ဖုန်း-၀၉-၇၉၄၅၂၀၇၂၃၊ ၀၉-၆၉၄၅ ၂၀၇၂၃ တို့သို့ ဆက်သွယ်အကြောင်းကြားပေးစေလိုပါသည်။ သွေးဆောင်လက်ခံထားရှိသူများအား အရေးယူပါမည်ဟု ကြော်ငြာအပ်ပါသည်။

**ခင်ပွန်းဖြစ်သူ- ကိုမျိုးထက်ကျော်**
**ဖုန်း-၀၉-၇၉၄၅၂၀၇၂၃၊ ၀၉-၆၉၄၅၂၀၇၂၃**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9G/2687 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဌေး ၉/မမန(နိုင်)၀၀၂၆၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/89757, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ နော်အယ်ကူသေး ၁၄/မမက(နိုင်) ၁၆၅၈၅၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**

## မူးယစ်ကိုပစ် ပန်းတိုင်သစ်
## စိတ်သစ် လူသစ် ဘဝသစ်

# နှိုးဆော်စာ

ဝေရောစနကျောက်စိမ်းစေတီတော် ၁၃၈၄ ခုနှစ် မဟာသင်္ကြန် အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ကျောက်စိမ်းဘုရား အလှူရှင်မှမတည်၍ ဘုရားဈေးသူ/ဈေးသားများစုပေါင်း၍ ဘုရားဖူးလာ လူဦးရေ ၁၀၀၀၀ ကျော်အား စတုဒိသာ ထမင်း၊ ဟင်းများညှော့ခံ ကျွေးမွေးမည်ဖြစ်ပါသည်။

**စေတီတော်ဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက် Star City ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သန်လျင်ကြယ်စင်အိမ်ရာ၊ တိုက်အမှတ် (A3)၊ အခန်းအမှတ်(1104)RC (၁၂)ထပ် အဆောက်အအုံ၏ (၁၁)လွှာ၊ ဧရိယာ ၆၂၂ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခင်ခင်ဆွေ ၁၂/ပဇတ(နိုင်)၀၂၈၆၄၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအောင်ပိုင်ဦး ၁၂/သလန(နိုင်)၁၀၁၆၄၆၊ ဒေါ်မေသွယ်ဦး ၁၂/ပဇတ(နိုင်)၀၂၉၇၃၃ တို့ ကအပြီးအပြတ်ဝယ်ယူ အလို့ငှာ အကယ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ ဤသတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ပိုင်ဦးနှင့် ဒေါ်မေသွယ်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၀၃၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3548, Khaing Khaing ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုး ၁၂/ရပသ(နိုင်)၀၇၄၄၉၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/1337, Toyota Calldina AZT 84၊ Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဒီမိုစိုး ၁၂/ရပသ(နိုင်)၀၆၀၆၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/25461, Honda Wave I 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက် ၁၄/ပသန(နိုင်)၁၉၄၆၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/3258, Toyota Harrier SXU(10, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရွှေစိုး ၅/ပလန(နိုင်)၀၀၈၀၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/11291, Honda Wave 110 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးဂျင်မီထွန်း ၁၄/ပသန(နိုင်)၁၉၇၄၂၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/55851, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းသိန်း ၉/မဟမ(နိုင်)၀၄၆၁၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၁၊ ၂၊ ၃)အတွင်းရှိ အောက်ဖော်ပြပါ မြေကွက်များအား မူလလုပ်ကိုင်ခွင့်ရရှိထားသူများ၏အမည်မှ ပြောင်းလဲခွင့်ပြုရန် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီရုံး (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝန်း)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဇုန် အမည် | မြေကွက် အမှတ် | မူလလုပ်ကိုင်ခွင့် ရရှိသူအမည် | ပြောင်းလဲ လျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁ | ၂ | ၂၁၀၊ ၂၁၁ | ဦးမြင့်သန်း | ဦးလှသန်း |
| ၂ | ၂ | ၅၇၆-A | ဦးကမ်လျှံမန် | ဒေါ်ထိုက်ထိုက်ဟန် |
| ၃ | ၂ | ၃၀ | ဦးမြင့်သိန်း | ဦးခင်မောင်လွင် |
| ၄ | ၂ | ၂၉ | ဦးသိန်းဌေး | ဦးခင်မောင်လွင် |
| ၅ | ၂ | ၂၁၂ | ဒေါ်စန်းစန်းမော် | ဒေါ်အိအိဖြိုး |
| ၆ | ၂ | ၁၃၆ | ဦးစန်းလွင် | ဒေါ်မြတ်သင်းနွယ် |
| ၇ | ၁ | B ၁၂၅၊ B-၁၂၆ | ဒေါ်အိအိဖြိုး | ဒေါ်ဝိုင်းဝိုင်းမြင့် |
| ၈ | ၁ | B-၇၉၊ B-၈၀ | ဦးလှသန်း | ဒေါ်ဝိုင်းဝိုင်းမြင့် |
| ၉ | ၁ | ၈၂ | ဒေါ်တင်တင် | ဒေါ်နော်ဂျီဇာဘလုလေး |
| ၁၀ | ၂ | ၄၂၂ | ဒေါ်သီရိလွင် | ဦးစံလွင် |
| ၁၁ | ၂ | ၃၆၅ | ဒေါ်သီရိလွင် | ဒေါ်ခင်ဝင်းကြည် |
| ၁၂ | ၁ | ရှေ့ပြေး-၁၆ | ဦးသန်းထွန်း | ဦးစောအောင်ထက် |

**ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီ**
**အတွင်းရေးမှူး ဖုန်း- ၀၉-၅၃၁၂၅၉၅**
**ရုံးအဖွဲ့မှူး ဖုန်း -၀၉-၄၂၂၅၂၀၃၀၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/7013 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညားရယ် ၂/ဒမဆ(နိုင်)၀၆၉၃၁၃၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၈၀၄၁၃**

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂၊ ၂၃၊ ၂၆၊ ၂၈)၊ မင်းဓမ္မ၊ မြေကွက်အမှတ်(၂၀)၊ မြေဧရိယာ(၀ဒသမ၁၄၂)ဧကရှိ နှစ်(၆၀)မြေငှားစာချုပ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် Lot-20, Parami Valley , မင်းဓမ္မလမ်း၊ (အတွင်းလမ်း)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသူ Myanmar Imperial Vega Co.,Ltdထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရပြီး တရားဝင်ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်ချစ်စုဝင်း(ဘ)ဦးကြည်ဆောင် ၁၂/ကမရ (နိုင်) ၀၄၈၉၄၅၊ အမှတ် ၁၂၁စီ၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ်၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** |
| (ဌ) | DN 600 mm Foldable Flexible Pipe(6m) with 2 Flange (9 Nos) & DN 560 mm Floater(9 Nos) (ဆီမီးခုံ-၃ ၊ ဆောက်အင်း) | 1 Lot |
| (ဍ) | 700 mm Check Valve & 700 mm Butterfly Valve & Accessories(ဆီမီးခုံ-၃) | 1 Lot |
| (ဎ) | Ø 20 " x 16' M.S Pipe (with two flange) (ဆီမီးခုံ-၃) | 30 Nos |
| (ဏ) | Solar PV Module (နေပြည်တော်) | 310 Nos |
| (တ) | Electrical Spare Parts (4 Items) (နေပြည်တော်) | 1 Lot |
| (ထ) | Heavy Machinery Spare Parts (3 Items) (Genuine) (ရွာသာကြီး) | 1 Lot |
| (ဒ) | အုပ်ချုပ်မှု/ပုံမှန်လုပ်ငန်းသုံးဒီဇယ်ဆီ (နေပြည်တော်၊ မန္တလေး၊ရွာသာကြီး) | 50000 Gals |
| (ဓ) | **တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း** (ဘိလပ်မြေ၊ သံချောင်း၊ တောသစ်၊ အုတ်၊ သဲ၊ ခွဲကျောက်၊ ကျောက်ကြီး၊ကျောက်စရစ်၊ဒီဇယ်ဆီ) (ကံမြင့်-တာ၀၊ သရက်ချောင်း၊ ဆောက်အင်း ၊ မိတ္ထီလာလွင်ပြင်) | 1 Lot |

**တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၄-၄-၂၀၂၃ ရက်နေ့မှ ၂၆-၄-၂၀၂၃ ရက်နေ့အထိ

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၆-၄-၂၀၂၃ နေ့လည် (၁၂:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ( ရေအရင်းအမြစ်) ၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၁၂၂၇ ၊ ၀၆၇-၃၄၃၁၂၉၅၊ ၀၉-၄၂၆၈၀၃၀၄၃ ၊ ၀၉- ၅၅၀၃၃၈၄ တွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၂)၊ မြေညီ(A) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးဇော်ဝင်း၉/မခန(နိုင်)၀၀၄၃၀၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးလှ၁၂/မဂတ(နိုင်)၀၂၁၀၅၆က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းတစ်စုံတရာရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့် တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နေခြည်ဦး**
**LL.B, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၂၃)**
**အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ ၃၅လမ်း(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၁၀၇၅၁၁၊ ၀၉-၇၇၇၈၄၅၈၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/77403 HONDA WAVE 100 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/76637 Yin Xiang 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇာထွန်း ၁/ဗမန(နိုင်) ၀၅၄၆၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဗန်းမော်)**
**ဗန်းမော်မြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အမှတ်(၁၁၉)၊ သာစည်ရပ်ကွက်နေ ဦးကျော်စွာမျိုး ၁/မညန(နိုင်) ၀၀၁၈၈၂မှ မိုးညှင်းမြို့နယ် မြေစာရင်းဦးစီးဌာန စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၁-၂-၂၀၂၂)ရက်၌ ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်နေ ဒေါ်အေးရီ ၁/မညန(နိုင်) ၀၇၄၃၈၀ အား လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်စာချုပ်အမှတ် (၀၀၂)အား ဤကြေညာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စွာမျိုး**
**နမီးစုရပ်ကွက်၊ မိုးညှင်းမြို့၊ ဖုန်း-၀၉-၄၄၀၃၄၃၃၉၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်တော် မောင်ဆုန်လုံ (ဘ) ဦးကျိန်ယူ(ခ)ဦးလောင်ရန် ၁၃/နမတ(နိုင်) ၀၃၄၃၇၉၊ မွေးသက္ကရာဇ် ၂၄-၁-၁၉၈၀သည် နိုင်ငံသားမှတ်ပုံတင်အရ "မောင်ဆုန်လုံ" ဟုခေါ်တွင်ခဲ့ပါသည်။ ၁၉၉၇ခုနှစ် နမ္မတူမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းအောင်လက်မှတ်ရှိ ကျောင်းဝင်မှတ်ပုံတင်အမှတ် (၂၆၂၂) အရ "မောင်ရန်ဆုံလုန်" (ဘ)ဦးလောင်ရန် မွေးသက္ကရာဇ် ၅-၄-၁၉၈၀ ဟုခေါ်တွင်ခဲ့ပါသည်။ ၂၀၀၀ ခုနှစ် မတ်လတွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် အမှတ်(၉၁၄၃၃) အရ "မောင်ကျော်နိုင်ထွန်း" (ဘ)ဦးလောင်ရန် မွေးသက္ကရာဇ် ၅-၄-၁၉၈၀ ဟုခေါ်တွင်ခဲ့ပါသည်။ မောင်ဆုန်လုံ၊ မောင်ရန်ဆုံလုန်၊ မောင်ကျော်နိုင်ထွန်းသည် ကျွန်တော်တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၈၊ မြေကွက်အမှတ်-၁၁၉၄/ ၄၅၃၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ အကျယ်အဝန်းပေ(၄၀x၆၀)ပေါ်ရှိ ဒေါ်အုန်းရီ(ISN-၃၈၈၇၈၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိအမှတ်(၁၁၉၄)၊ ဓမ္မသုခလမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သောမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ဝယ်ထား အမည်ပေါက်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူဒေါ်အုန်းရီ ၁၂/မရက(နိုင်)၀၃၁၆၈၆/ISN- ၃၈၈၇၈၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် အိမ်ခြံမြေတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထား ပြီးဖြစ်ရာကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ပွင့်ဝါဦး(ခ)ပွင့်ဝါဖူး** | **ဒေါ်သိမ့်ဇာနည်အောင်** | **ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည်** |
| **(LL.B)** | **(LL.B)** | **[LL.B,M.A(Business Law)]** |
| **စဉ်-၅၁၇၃၇/၂၀၁၉** | **စဉ်-၄၈၂၂၈/၂၀၁၆** | **(စဉ်-၁၃၀၁၉/၂၀၁၇)** |

**အထက်တန်းရှေ့နေများ** **တရားလွှတ်တော်ရှေ့နေ**
**YIN MAY THEIN AND ASSOCIATES LEGAL SERVICES**
**အမှတ်(၂/၄၆)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၆၁၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-စကား၀၊ မြေကွက်အမှတ်-၄၃၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဒေါ်တင်တင်ဌေး အမည်ပေါက်နှစ်(၃၀)မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလ အမည်ပေါက်ဖြစ်သူထံမှ အဆက်စပ်စာချုပ်စာတမ်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်အေးမို့မို့ ၁၄/ပသန(နိုင်)၀၆၃၀၃၀နှင့် ဒေါ်ချယ်ရီ ၁၄/မမန(နိုင်)၀၀၉၅၉၃တို့မှ ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများဖြင့် ရောင်းချရန် အဆိုပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဥပဒေနှင့်အညီ အပြီးအပိုင်လက် ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ရောင်းချသည့်ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်မြတ်ဝေ (LL.B,D.B.L,D.I.L)** | **ဦးညီညီထွန်း(LL.B,D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၀၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၅၃)** |

**ဒေါ်အေးသီတာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၄၇)**
**အမှတ်-၁၃၄၁၊ ဗိုလ်မှူးဗထူးလမ်း၊**
**၄၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၅၇၇၀၈၊ ၀၉-၄၂၅၂၆၅၉၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၂၇)၊ ဦးပိုင်အမှတ်(၉၈)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ဧကရှိမြေကွက်သည် မူလက ဦးပွကြီးအမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၁၁၉၀(၃)၁၉၉၉-၂၀၀၀ အရ ၁၄-၉-၂၀၁၄ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးပွကြီးနှင့် ဇနီးဒေါ်ညိုညိုတို့သည် ကွယ်လွန်သွားခဲ့ပါသဖြင့် ကျန်ရစ်သူ သားသမီး/မြေး များဖြစ်သည့် ဒေါ်ခင်နန်းဝေ(သမီး)၊ ဦးစိုင်းရာဇာဝင်း(မြေး)၊ ဦးစိုင်းနေလင်းဝင်း(မြေး)၊ ဦးစိုင်းအောင် အောင်(မြေး)၊ ဒေါ်နန်းဝါဝါလှိုင်(မြေး)(၅)ဦးတို့က ၃၀-၈-၂၀၂၂ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၉၉/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဒေါ်ခင်နန်းဝေပါ (၅)ဦး(၎င်းတို့၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဆန်ဒိပ်)က ၆-၁-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၁/၂၀၂၃)အရ အမွေဆိုင်ခြံမြေကွက်အား ဦးဆန်ဂျူး(ခ)လှမင်းသိန်း ၅/ကလထ(နိုင်)၀၀၁၆၅၁ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါဦးဆန်ဂျူး (ခ) လှမင်းသိန်း အမည်ဖြင့် (အမည်ပြောင်း) မြေငှားဂရန် လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ် (၂ A)၊ ကမ်းနားလမ်းရှိ The Paragon Residence အမည်ဖြင့်တည်ရှိသော (၂၇) ထပ် အဆောက်အအုံရှိ အဆင့်မြင့်ကွန်ဒိုအဆောက်အအုံ၏ အထပ်အမှတ်(၈)၊ အခန်း အမှတ်(၈၀၆)ဟုခေါ်တွင်သော (၁၅၂၃)စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်း တစ်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေရှင် ဦးစံငြိမ်းနှင့် Resources Group Construction Co.,Ltd တို့၏ ၃၀-၅-၂၀၁၃ရက်စွဲပါ The Paragon Residence Residence အကျိုးတူ ဆောက်လုပ်ရန်သဘောတူညီထားသောစာချုပ်အရ မိမိတို့ကုမ္ပဏီရပိုင်ခွင့်ရှိသော အခန်းများအား ရောင်းချပိုင်ခွင့်ရှိသူ ကုမ္ပဏီ၏မန်နေးဂျင်း ဒါရိုက်တာဖြစ်သူ ဦးကျော်သာဦး (ဘ) ဦးသန်းမြင့် ၁၂/လမတ(နိုင်)၀၀၁၅၅၈၊ အမှတ် (၃၆/၄၄)၊ သိမ်ဖြူလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ၉-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်/၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့၊ အထက (ရွှေညောင်ဖူး)၊ G-10(A) တွင် ပညာ သင်ကြားနေသော မနန်းနွယ်ဝင်း ၉/ပဘန(နိုင်)၂၉၈၉၃၄ ၏ ဖခင်အမည်မှန်မှာ ဦးရဲလွင် (ခ) ဦးဖိုးတရုတ် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် အမှတ် -၁၉၅ ၅၄၈ (၂၀၂၀) ဖြင့် အောင်မြင်သည့် ဦးမောင်စိန်သန်း ၏သမီး မအေးမြတ်နွယ်နှင့် မအေးမြင့်နွယ် ၁၁/မပန (နိုင်)၁၄၇၈၇၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ စုပ္ပါကျေးရွာနေ မခင်စုလှိုင်၏ ဖခင် ဦးမောင်မျစိန် ၁၁/မဥန (နိုင်) ၀၂၁၀၉၉ ၏ အမည်မှန်မှာ ဦးမောင်မြစိန် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ နောင်ပိန်ကျေးရွာအုပ်စု၊ ၄ ရပ်ကွက်နေ (ဘ) ဦးကျော်ညွန့်၏သမီး နန်းမွှန်းမွှန်းလင်းအောင် ၁၃/ကမန(နိုင်)၁၁၅၃၀၂ နှင့် မနန်းမိုလင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**နန်းမွှန်းမွှန်းလင်းအောင်(ခ)**
**မနန်းမိုလင်း**

## မွေးသက္ကရာဇ်အမှန် ကြေညာခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)တွင်နေ ဦးဆိန်နန်တန်ခမ်း ၁/မကန(နိုင်)၀၀၉၃၅၇ ၏ မွေးသက္ကရာဇ် အမှန်သည် ၂၂-၂-၁၉၇၁ ဖြစ်ပါကြောင်း။

**ဆိန်နန်တန်ခမ်း**

## အများသိစေရန် ကြေညာခြင်း

ကေအေအိုင်ကုမ္ပဏီ လီမိတက် (အသေးစားငွေရေး ကြေးရေး လုပ်ငန်း) နှင့် လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)နေ ဒေါ်မော်မော်ဦး တို့အကြား ငွေကြေးကိစ္စများ အလုံးစုံ ဖြေရှင်းပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကုမ္ပဏီမှ ဒေါ်မော်မော်ဦး အပေါ် စွဲဆိုထားသော လားရှိုးမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၅/၂၀၂၂ ကိုလည်း ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆက်ဝေထူး**
**ချေးငွေမန်နေဂျာ**
**(ကေအေအိုင်ကုမ္ပဏီ၏**
**တာဝန်ပေးအပ်ခြင်းခံရသူ)**

## အများသိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အိမ်အမှတ်(၂)၊ နယ်မြေ(၈)၊ ပမ္မတီးရပ်ကွက်(ရေကြည်) တွင်နေထိုင်သူ ဦးမြင့်ဦး ၁၃/ကတန(နိုင်)၀၀၄၆၀၀ နှင့် ဇနီး ဒေါ်ပိုးပိုးဝင်း ၁/မကန(နိုင်)၀၈၅၉၂၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက် (ရေကြည်)၊ ဒေါ်ပိုးပိုးဝင်း အမည်ပေါက် ပိုင်ဆိုင်သော ဦးပိုင်-၂၀/၂၊ ကွင်းအမှတ်-၇၆ (ရေကြည်)၊ ရှေ့မျက်နှာစာ(၃၂)ပေ၊ အနောက်ဖက် (၃၉)ပေ၊ အရှေ့ အနောက် အလျား (၉၀)ပေစီရှိ ခြံမြေနှင့် မြေပေါ်ရှိ (၃x၃)ခန်း၊ တစ်ထပ်တိုက် အဆောက်အအုံအပါအဝင်ကို တန်ဖိုးငွေကျပ်သိန်း(၁၀၀၀)၊ (ကျပ်သိန်း တစ်ထောင်) တိတိဖြင့် ရောင်းချရန် ဒေါ်တိုးတိုး ၁/မကန(နိုင်)၀၈၉၂၅၁ နွားရေတိုက်ကျေးရွာအုပ်စု၊ အုန်းပင်စုရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နှစ်ဖက်သဘောတူအိမ်ခြံမြေစရန်ပေး အရောင်းအဝယ်စာချုပ်ကို(၆-၁၀-၂၀၂၂) ရက်တွင် ချုပ်ဆိုခဲ့ပါသည်။ ဝယ်သူဘက်မှ စရန်ငွေသိန်း(၃၀) (ကျပ်သိန်း သုံးဆယ်) ပေးချေခဲ့ပါသည်။ ကျန်ငွေကျပ်သိန်း (၉၇၀)ကို (၃)ရစ်ခွဲ၍ ပထမအရစ်ကျပ်သိန်း(၃၅၀)ကို (၆-၃-၂၀၂၃) တွင်လည်းကောင်း၊ ဒုတိယ အရစ်ကျပ်သိန်း(၃၅၀)ကို (၆-၈-၂၀၂၃) တွင်လည်းကောင်း၊ တတိယအရစ် ကျပ်သိန်း (၃၅၀)ကို (၆-၁-၂၀၂၄)တွင်လည်းကောင်း အပြီးပေးချေရန် ဖြစ်ပါသည်။ ယနေ့ကြော်ငြာသည့် အချိန်အထိ ပထမအရစ်ကျပ်သိန်း(၃၅၀)ကို လည်းကောင်း ပေးချေခြင်းမရှိဘဲ ပျက်ကွက်နေ၍ တောင်းခံရာတွင် ပထမအရစ်နှင့် ဒုတိယအရစ်ပေါင်း၍ ကျပ်သိန်း(၇၀၀)ပေးချေနိုင်ခြင်းမရှိဘဲ နှစ်ရစ်ပေါင်း ကျပ်သိန်း (၁၀၀)၊ (ကျပ်သိန်း တစ်ရာ) သာပေးချေမည်ဖြစ်ကြောင်း ပြောကြားလာသောကြောင့် အရောင်းအဝယ်မဖြစ်နိုင်တော့သဖြင့် (၆-၁၀-၂၀၂၂) ရက်နေ့က နှစ်ဖက်သဘောတူ အိမ်ခြံမြေ စရန်ပေးအရောင်းအဝယ်စာချုပ်ကို ယနေ့ (၂၈-၃-၂၀၂၃)ရက်စွဲဖြင့် ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လူမှုရေးအရ စရန်ငွေကျပ်သိန်း(၃၀)ကို ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ လာရောက်ထုတ်ယူပါရန် အကြောင်းကြားပါသည်။

**အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၀၄၁/၂၀၀၂**
**အမှတ်(၄၇၃)၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၄၈၆၇၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/1661 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၄၆

| | | |
|---|---|---|
| ဒေါ်မာလာမြင့် | **နှင့်** | ဦးအောင်ဖေသန်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ ၃-လွှာ(အေ)၊ အမှတ်(၆)နေ ဦးအောင်ဖေသန်း (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေရန်နှင့် ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဧပြီ ၂၄ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလွင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ဗိုလ်မှူးတင်ငွေ(ငြိမ်း)
## (ကြည်း-၉၈၄၇)
## ဗိုလ်သင်တန်း အပတ်စဉ်(၂၉)
## (တ.ဝ.တ)မန္တလေးတိုင်း
## အသက်(၈၆)နှစ်

မန္တလေးမြို့၊ နန်းရှေ့၊ ဒေါနဘွားရပ်နေ ဒေါ်ခင်လှ(ခ)ဒေါ်မော်လီ၏ ခင်ပွန်း၊ သားသမီး ၄ ယောက်တို့၏ ဖခင်သည် ၂၇-၃-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၃ရက်တွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စမ်းရီ
## ညွှန်ကြားရေးမှူး(ငြိမ်း)
## ပညာရေးဝန်ကြီးဌာန၊(အထက်မြန်မာပြည်)

ဦးကျော်ဆန်းလှ (အတွင်းရေးမှူး)၊ တောင်ဒဂုံစက်မှုဇုန်(၂)၏ ချစ်လှစွာသော မိခင် ဒေါ်ခင်စမ်းရီ အသက်(၇၆)နှစ် သည် ၂၆-၃-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၀)မှ မိသားစုများ**

# ဦးထွေးအောင်(ခ)ထွေးထွေး
## စစ်တွေ
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၃)၊ 3A(1)၊ ဆရာစံလမ်းနှင့် ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း၊ အိမ်အမှတ်(၁၇၂(ပထမထပ်)နေ (ဦးသာထွန်းအောင်)-ဒေါ်သိန်းနု(ခ)ဒေါ်နုနုတို့၏ သားထွေး၊ ဦးသန်းအောင်-(ဒေါက်တာအေးအေးရီ(ခ)ချစ်ချစ်)(ကမာဝက်)၊ ဒေါ်မေသန်းအောင်တို့၏ ညီ/မောင်ငယ်၊ ရဲဝင့်အောင်(ခ)ရဲရဲ၊ ပြည့်ဖြိုးအောင်(ခ)ပြည့်ပြည့်တို့၏ဦးထွေးသည် ၂၇-၃-၂၀၂၃ရက် (တနင်္လာနေ့) ည ၉:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂ နာရီအတွင်း အထက်ပါ ရွှေပင်လုံအိမ်ရာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့၊ ဘူတာတောင်ရပ်ကွက်၊ အကွက်အမှတ် (၄က)၊ အကွက်အမည် ဘူတာမြောက်ရပ်၊ ဦးပိုင်အမှတ် (၅၀-စ)၊ ဧရိယာ ၀.၀၄၄ကေရှိမြေကွက်အား ဦးစိုးထွန်း၊ ဒေါ်ခင်ဝင်းမြင့်တို့မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၇ရက် မတိုင်မီ ဖြူးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ဖြူးမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊(၂)ရပ်ကွက်၊ စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၅တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၅)ထပ်တိုက်၏ (မြေညီ/ခြေရင်းခန်း)၊ အကျယ်အဝန်း ၁၃ပေx ၅၀ပေ အကျယ်အဝန်းရှိ တိုက်ခန်းအားပိုင် ရှင်များဖြစ်ကြသည့် ဦးမျိုးဆွေ ၉/ညဥန(နိုင်)၁၆၅၃၀၁၊ ဒေါ်မြတ်မွန်သိန်း ၉/ညဥန(နိုင်)၁၅၅၃၈၀ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူသည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဖက် သဘောတူညီပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မောင်လင်း(LL.B,D.I.L,PGD Social Work, PGD Applied Psychology)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၂)**
**ဒေါ်အေးသန္တာအောင်(LL.B)** **ဒေါ်ဝင့်ရှင်းပ**
**အထက်တန်းရှေ့နေ(စဉ်-၃၄၃၉၂)** **အထက်တန်းရှေ့နေ(စဉ်-၅၁၂၉၅)**
**IDEAL LEGAL CONSULTANT FIRM**
**အမှတ် ၄၊ ၁၄၆လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၂၂၉၂၀၁၀၊၀၁၈၂၉၀၁၈၈**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## တပ်ကုန်းမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်
## ဘဒ္ဒန္တဝေပုလ္လ(သဒ္ဓမ္မဇောတိကဓဇ)
## မြို့လယ် သာသနဝေပုလ္လ စာသင်တိုက်
## သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့လယ်သာသနဝေပုလ္လ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝေပုလ္လ သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါသည် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း၅ရက်) ၂၅-၃-၂၀၂၃ရက် (စနေနေ့) နံနက် ၅:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်) ၃၁-၃-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပန သဘင်ကျင်းပမည်ဖြစ်ပါကြောင်း သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေးချို
## လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ ဌာနမှူး၊ လျှပ်စစ်ဌာန
## အမှတ် (၁)၊ သန်လျင် ရေနံချက်စက်ရုံ
## အသက် (၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှူထမ်းရပ်ကွက်၊ သန့်စင်လမ်း၊ အမှတ် ၁၅(A)နေ (ဦးလင်းရှိန်-ဒေါ်သန်းမြင့်)တို့၏ သားကြီး၊ (ဦးသောင်း-ဒေါ်ခင်ညွန့်)တို့၏သားမက်၊ ဦးဝင်းသိန်း၏ အစ်ကို၊ ကိုဝေဖြိုးဦး၊ ကိုပြည့်ဖြိုး-မဝင့်ရည်ချိုတို့၏ဖခင်၊ မောင်သုတဖြိုးထက်၏အဘိုး၊ ဒေါ်သန်းသန်းဌေး (အထကမြို့ဟောင်း-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးအေးချိုသည် ၂၇-၃-၂၀၂၃ရက် နံနက် ၀၉:၁၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ၂၉-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ချိုဝင်း B.A(History)
## Director (AUNG SAN PHYO Co.,Ltd)
## အသက်(၅၉)နှစ်

သရက်မြို့နေ (ဦးအုန်းမောင်-ဒေါ်ပုလေး)တို့၏ သမီးထွေး၊ (ဦးခင်မောင်အေး-ဒေါ်မြစိန်)၊(ဦးလှဝေ)-ဒေါ်စန်းနု၊ ဦးမောင်မောင်သိန်း-ဒေါ်သီတာ၊ (ဦးသိန်းဇော်)၊ ဦးသာပေါ်-ဒေါ်စန်းစန်းဝင်းတို့၏ ညီမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အိမ်အမှတ် ၅၇၊ ၄ ဘီနေ ဦးဇော်နိုင်ဝင်း၏ ဇနီး၊ တူ၊ တူမ ကိုးယောက်တို့၏ အဒေါ် ဒေါ်ခင်ချိုဝင်း သည် ၂၈-၃-၂၀၂၃ရက် မွန်းလွဲ ၁:၅၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၂၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁)၊ အကွက်အမှတ် (RAIII)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၁၁၄-ခ)၊ မြေယာအမှတ် (32/238-A) မြေဧရိယာအကျယ်အဝန်း ၀.၁၉၄ကေလက်ရှိမြေပေါ်ရှိ အတိုင်း အတာနှင့် မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးထွန်းတင် ၁၃/တကန(နိုင်)၀၆၈၆၀၅ ထံမှ ဒေါ်ခင်မျိုးလေး ၈/ခမန(နိုင်)၀၉၀၉၁၃ က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်မျိုးလေး**
**၈/ခမန(နိုင်)၀၉၀၉၁၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော် (LL.B, D.B.L)တရားလွှတ်တော်ရှေ့နေ**
**"နိုင်" ဥပဒေအကျိုးဆောင်**
**အမှတ် (၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး (၃)၊**
**ပြင်ဦးလွင်မြို့။**

## ဒေါ်စန်းတင့်(မိတ္ထီလာ)
## အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
## B.A,Dip,Ed,Dip, in Eng
## အသက်(၈၄)နှစ်

မိတ္ထီလာမြို့၊ ပေါက်ချောင်းရိပ်သာရပ်၊ မြေပြန့်မြိုင်နေ [ဦးဘိုးရင် (ဆည်မြောင်းရုံးအုပ်စာရေးကြီး-ငြိမ်း)-ဒေါ်မမလေး]တို့၏သမီး၊ ဆရာမ(ဒေါ်စန်းရီ)၏ညီမ၊ (ဦးအောင်မောင်း)-ဒေါ်စန်းမြင့်(ဆရာမ-ငြိမ်း)၊ [ဦးမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်ယဉ်ယဉ်မြိုင်]၊ ဒေါ်စန်းထွေး(ဆရာမ-ငြိမ်း)၊ ဦးမြင့်ကြည်-ဒေါ်ကြည်မြိုင်(နှင်းကမ္ဘောဇ-ဘော်ဒါ)၊ ဦးအောင်သန်းမြင့်(ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်စန်းစန်းအေး(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း)တို့၏အစ်မ ဒေါ်စန်းတင့်သည် ၁၄-၃-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၃ ရက်တွင် လူးခင်းကြီးကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း (၁)လမ်း၊ အမှတ်(၂၆/ဘီ)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ (ပထမထပ်)၊ (၂လွှာ)၊ တိုက်ကို မျက်နှာမူလျှင်(လက်ယာဘက်အခန်း)၊ ဧရိယာ(၅၅၂)စတုရန်းပေ ရှိတိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မာမာမြင့် (၁၂/လမန(နိုင်) ၀၄၈၅၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသူရဟိန်း (၁၂/လမန(နိုင်) ၁၄၈၇၅၃)၊ ဒေါ်အိရွှေရည်ဖြိုး (၁၂/ကမရ(နိုင်) ၀၆၃၆၇၀) တို့ကအပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသူရဟိန်း၊ ဒေါ်အိရွှေရည်ဖြိုး တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B,WIPO(Switzerland))၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မာဃ ၁၂လမ်း၊ အမှတ် ၉၁၇၊(၂)ခန်းတွဲRC(၆)ထပ်တိုက် အဆောက်အအုံ၏ ပဉ္စမထပ်(၆)လွှာ တိုက်ကို မျက်နှာမူလျှင် (ယာ)၊ဧရိယာ ၇၀၂ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်သိန်းသိန်းဌေး (၁၄/အမန(နိုင်)၀၀၂၉၉၅)၊ ဒေါ်ဦးလှမေ (၁၂/စခန(နိုင်)၀၂၃၉၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ရေးရေးမင်းလွင် (၁၂/သဃက(နိုင်)၁၇၀၁၄၈)တို့ကအပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရေးရေးမင်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် အိမ်ရာ၊ သန်လျင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၀၃၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ဒေါ်သောင်းစိန်လမ်းထောင့်ရှိ၊ အကျယ်အဝန်း (အလျား၄၀/၄၁ပေxအနံ ၇၇/၉၂)ပေရှိ မြေကွက်ကို ဦးဝင်းမောင်ထံမှ တရားဝင်ဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြသည့် ဒေါ်မြစန်း ၇/ပခမ(နိုင်)၀၉၅၀၈၆၊ ဦးမျိုးဇော် ၇/ပခန(နိုင်)၁၉၃၄၅၂၊ ဦးမောင်မောင်ကျော် ၁၂/လကန(နိုင်)၁၃၇၁၉၆၊ ဦးအောင်ဇော်ထွန်း ၇/ပခန(နိုင်)၂၃၉၈၁၀၊ ဒေါ်မေစုလှိုင် ၇/ပခန(နိုင်)၁၈၀၇၂၂တို့က တရားဝင်ဆက်ခံပိုင်ဆိုင်လက်ရှိထားပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပါသဖြင့် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်သာဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၈၄/၂၀၂၁)**
**အမှတ် (၂၀၈) (ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၈၇၅၈၇၈၈၉၊ ၀၉-၇၆၈၂၁၁၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရောင်းချသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ အခန်းအမှတ်(B-454)တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁၆)ရပ်ကွက်(ရွာမအနောက်)၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ်(2B-265)တိုက်ခန်းတို့အား ဒေါ်ဖြူဖြူညို(ဘ)ဦးမောင်မောင်ရီ NYHE-၀၁၀၇၂၈ ၁၂/ဒဂန(နိုင်)၀၂၁၆၀၇မှ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီထံတွင် ဝယ်ယူ၍ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဖြူဖြူညိုသည် (၁-၈-၂၀၂၁) ရက်တွင် ကွယ်လွန်ခဲ့သောကြောင့် ယင်းတိုက်ခန်းများကို ၎င်း၏အစ်မအရင်းဖြစ်သူ ကျွန်ုပ်၏အမှုသည် ဒေါ်မူမူညို(ဘ)ဦးမောင်မောင်ရီ ၁၃/တကန(နိုင်) ၀၁၁၁၇၅၏ အမည်ပြောင်းလျှောက်ထားမှုအပေါ်လည်းကောင်း၊ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှပေးအပ်သည့်မုဒိတာအိမ်ရာ(၁)တွင် နေထိုင်ကြသူများ လိုက်နာရန်လိုအပ်သည့် စည်းကမ်းနှင့် တာဝန်ဝတ္တရားများ စာအုပ်မှလည်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူရန် လျှောက်ထားမှုအပေါ် လည်းကောင်း၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း တော်ဝင်မိသားစုကုမ္ပဏီတွင်လည်းကောင်း၊ ကျွန်ုပ်ထံတွင် လည်းကောင်း စာရွက်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင်(LL.B,D.I.L,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၀၁၁)(၂၉-၅-၂၀၁၅)**
**၂အေ-၁၆၇၊ မြေညီထပ်၊ မုဒိတာအိမ်ရာ(၂)၊ (၁၆)ရပ်ကွက်(ရွာမအနောက်)၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၄၉၉၇၈၂**

## မွေးသက္ကရာဇ်အမှန်

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကင်းတက်ကျေးရွာနေ မဖြူနှင်းစိုး ၁၃/ရငန(နိုင်) ၀၅၁၃၆၄၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၈-၁၉၉၂)ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3664,Soe San Super LT ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၁၃/တကန(နိုင်) ၀၀၄၇၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ပျောက်ဆုံးသွားပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အကွက်အမှတ်(၈၉)၊ ဦးပိုင်အမှတ်(၅၆)၊ မြေကွက်အမှတ်(၅၆)၊ ဧရိယာ(၀ဒသမ၀၅)ကေရှိ ဦးမြဝင်း အမည်ပေါက်နှစ်(၃၀) မြေငှားဂရန်အမှတ်တွဲ အမှတ် (၃၂၉/၁၉၉၃)မှာ (၂၆-၃-၂၀၂၃)ရက်တွင် ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေစန္ဒာလင်း**
**၁၃/တကန(နိုင်) ၂၈၁၆၂၁**
**(ဖုန်း-၀၉-၄၂၁၂၁၉၀၅၁)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/12516 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဌေး ၉/မမန(နိုင်)၀၀၀၂၂၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/20756, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင် ၉/ကပတ(နိုင်)၁၅၂၃၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၉၅၃၃၇ ယာဉ်လက်ဝယ်ရှိသူ ဦးကိုလေး ၁၀/သထန(နိုင်) ၂၃၁၄၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်**
**ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၁၄၅၉၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ကြူကြူသင်း ၁၀/ရမန(နိုင်) ၂၂၅၃၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်**
**ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

- ❖ မိမိတို့နိုင်ငံ၏ အဓိကစီးပွားလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို...
- ❖ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ဝယ်လိုအားတက်လာမည်ဖြစ်...
- ❖ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ...
- ❖ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၈

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနတွင် ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်

စာမျက်နှာ ၉ ကော်လံ ၁ ❍



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ယနေ့ သတင်းအညွှန်း**

နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့် လျှောက်ထားခြင်းနှင့် ပါတီဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ကြေညာ
ကြေညာချက် စာ ၆

လျှင်လှုပ်ခတ်ပြီးနောက် တူကီယဲရှိ ဆီးရီးယားဒုက္ခသည် ခြောက်သောင်းနီးပါး နေရပ်ပြန်
နိုင်ငံတကာသတင်း စာ ၁၃

နိုင်ငံ့ဝန်ထမ်းများအတွက် Metaphysics အမြင်
ဆောင်းပါး စာ ၁၆

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးထစ်ချုန်းရွာနိုင် ၂၀၂၃ ခုနှစ်၊ ဧပြီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မတ် ၂၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

## အိုင်ယာလန်ကို အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် ပြင်သစ်

မတ် ၂၈ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်မှ အိုင်ယာလန်နှင့် ပြင်သစ်အသင်းတို့ ပွဲစဉ်တွင် ပြင်သစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပြင်သစ်အသင်းအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် မိနစ် ၅၀ တွင် ပါဗက်က သွင်းယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❂

